မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၉၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း ရမည်းသင်းမြို့ရှိ ဆပ်ပြာစက်ရုံနှင့် ဝါကြိတ်စက်ရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၆

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇန်နဝါရီ ၅ ရက် မွန်းလွဲပိုင်းတွင် မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း ဆပ်ပြာစက်ရုံ(ရမည်းသင်း)သို့ရောက်ရှိပြီး စက်ရုံအတွင်း ဆပ်ပြာထုတ်လုပ်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ အရည်အသွေးကောင်းမွန်ရန်နှင့် ကုန်ထုတ်လုပ်မှုရည်မှန်းချက်များ အောင်မြင်အောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ထို့မှတစ်ဆင့် ဝင်းသူဇာအရောင်းဆိုင်(ရမည်းသင်း)သို့ ရောက်ရှိပြီး စာရေးကိရိယာနှင့် လူသုံး၊ အိမ်သုံးပစ္စည်းများ ရောင်းချမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့သည်။

ထို့နောက် ရမည်းသင်း ဝါကြိတ်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံဝင်းအတွင်း ဖွင့်လှစ်ထားသော ငွေချည်(၆)အဝယ်ဒိုင်၌ ဝါဝယ်ယူမှု၊ ချိန်တွယ်စစ်ဆေးမှု အခြေအနေနှင့်

စာမျက်နှာ ၈ ကော်လံ ၁ ❍





အာကာသအတွင်း အစောဆုံး ပေါက်ကွဲခဲ့သည့်ကြယ်ကိုတွေ့ရှိ

➤ မောင်မောင်မြင့်ဆွေ - ရေးသားသည် ➤

ချီလီ ဇန်နဝါရီ ၆

*အာကာသအတွင်း လွန်ခဲ့သည့် နှစ်ပေါင်း ၁၃ ဘီလီယံကျော်က အစောဆုံးပေါက်ကွဲခဲ့သော ကြယ်တာရာတစ်လုံး**(အပေါ်ပုံ)**၏ လင်းလက်တောက်ပနေသည့် ကြယ်တာရာ အပိုင်းအစတစ်ခုကို အာကာသသုတေသနပညာရှင်များက ချီလီနိုင်ငံမှ ကမ္ဘာ့အကြီးဆုံး အာကာသကြည့်မှန်ပြောင်း**(အပေါ်ဆုံးပုံ)**ဖြင့် ဇန်နဝါရီ ၅ ရက်က ရှာဖွေတွေ့ရှိခဲ့ကြသည်။*

ပထမဆုံးပေါက်ကွဲမှု

ယင်းကြယ်တာရာ ပေါက်ကွဲမှုသည် အာကာသအတွင်း ပထမဆုံး ကြယ်တာရာပေါက်ကွဲမှုဖြစ်နိုင်ကြောင်း ယခုရှာဖွေတွေ့ရှိရသည့် ကြယ်တာရာအပိုင်းအစကို လေ့လာခြင်းဖြင့် ခန့်မှန်းတွက်ချက်နိုင်သည်ဟု ၎င်းတို့က ပြောကြားသည်။

ယခုတွေ့ရှိရသည့် ကြယ်တာရာအပိုင်းအစသည် အာကာသအတွင်း လွင့်မျောနေပြီး အနီးဝန်းကျင်သို့ တောက်ပသော အလင်းရောင်ဖြာထွက်နေမှုနှင့်အတူ တိမ်ခိုးများ ဝန်းရံလျက်ရှိသည့် ပုံသဏ္ဌာန်အနေအထားကို မြင်တွေ့ရသည်ဟုဆို၏။

ထို့အပြင် ၎င်းကြယ်တာရာမှ ဟိုက်ဒရိုဂျင်နှင့် ဟီလီယမ်ဓာတ်ငွေ့များ ထွက်ရှိနေသဖြင့် ယင်းဓာတ်ငွေ့များဖြင့် ပြွမ်းတီးဖွဲ့စည်းထားသော ကြယ်တာရာဖြစ်နိုင်ကြောင်း အာကာသသုတေသနပညာရှင်များက သုံးသပ်လျက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၄ ❖

ရောဝတီတိုင်းဒေသကြီးက ဧတိုပေါ်ဆန်း တစ်ခေတ်ဆန်းတော့မည်

➤ သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း – တင်ဝင်းလေး(ကြည့်မြင်တိုင်) ➤

ရန်ကုန် ဇန်နဝါရီ ၆

မှတ်မိသေးတော့သည်။ ငယ်ငယ်က အဖေ့အစ်ကိုကြီး ဘကြီးဖြစ်သူက ညီဖြစ်သူအိမ်သို့ သူ့လယ်ထွက် ဧတိုပေါ်ဆန်းမွှေးဆန်အိတ်တစ်အိတ် နှစ်စဉ် ပို့ပေးခဲ့ဖူးသည်။ အဲဒီတုန်းက အမေက ညနေတိုင်း ဆန်ပိုချက်ကာ နံနက်တိုင်း ထမင်းကြမ်းကို ပဲပြုတ်နှင့်ကြော်၍သော်လည်းကောင်း၊ ပဲပြုတ်နှင့်ရော၍ ဆီဆမ်းပြီးသော်လည်းကောင်း ကျွေးခဲ့ဖူးသည်။

ဈေးကွက်ပျောက်

ပုသိမ်ဧတိုပေါ်ဆန်း၏ ဂုဏ်သတ္တိက ထမင်းကြမ်းဖြစ်သည့်တိုင် မပြောင်းလဲ၊ မူရင်းအရသာနှင့် မွှေးရနံ့က မပျက်မပြယ်၊ ပျော့ပျော့ပျောင်းပျောင်းနှင့် စားကောင်းလှသည်။ ပြီးခဲ့သည့်ကာလက ၁၀နှစ်နီးပါးတိုင်တိုင် အကြောင်းအမျိုးမျိုးကြောင့် ဧတိုပေါ်ဆန်း အရည်အသွေးများ ကျဆင်းလာခဲ့သည်။ ဈေးကွက်ပျောက်ခဲ့ရသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ✻

ဧတို(ကန်ချောင်း)စိုက်ကွင်းမှ ဆန်လုံးပြည့်စပါးနှံများဖြင့် လှသွေးကြွယ်နေသော ပေါ်ဆန်းစပါးခင်း၏ အနီးကပ်မြင်ကွင်း။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၇ ရက်)

အစွမ်းထက်သည့် မြန်မာ့တိုင်းရင်းဆေးပညာ

တိုင်းရင်းသားပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှု ဖော်ဆောင်ရာ၌ ခေတ်မီဆေးဝါးများအပြင် မြန်မာ့တိုင်းရင်းဆေးဝါးများလည်း အစွမ်းထက်လှသည်။ မြန်မာ့တိုင်းရင်းဆေးဝါးများသည် အရည်အသွေး ပြည့်ဝမြင့်မားကြသည်။

မြန်မာ့တိုင်းရင်းဆေးများကို ပြည်တွင်းမှထွက်ရှိသည့် သစ်မြစ်၊ သစ်ဥ၊ သစ်ပင်၊ တိရစ္ဆာန်ထွက်နှင့် မြေထွက်သယံဇာတပစ္စည်းများဖြင့် ဖော်စပ်ထားခြင်းဖြစ်သည်။ ရှေးယခင်ကပင် တိုင်းရင်းဆေးဝါးများကို သုံးစွဲခဲ့ကြခြင်းဖြစ်သည်။ ယင်းဆေးဝါးများနှင့်ပင် ကျန်းမာအသက်ရှည်ခဲ့ကြခြင်း ဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများသည် တိုင်းရင်းဆေးပညာရပ်ကို ခေတ်မီသိပ္ပံနည်းပညာများဖြင့် ဖော်စပ်လုပ်ကိုင်လျက်ရှိသည်။ ယခုအခါ မြန်မာ့တိုင်းရင်းဆေးပညာများ၏ အခန်းကဏ္ဍ မြင့်မားတိုးတက်ရန် စွမ်းဆောင်ကြိုးပမ်းလျက်ရှိသည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို နှစ်စဉ်ကျင်းပလျက်ရှိရာ ညီလာခံမှရရှိသော ညှိနှိုင်းဆွေးနွေးမှု ရလဒ်များသည် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို များစွာအကျိုးပြုလျက်ရှိသည်။ အဆိုပါ ဆွေးနွေးချက်များကို ရောဂါကာကွယ်ကုသနှိမ်နင်းရေး၊ ပညာပေးလေ့ကျင့်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးချပြီး အရည်အသွေးမီ ဆေးဝါးများကို ထုတ်လုပ်ဖြန့်ဖြူးပါက ကျန်းမာရေးအတွက် များစွာအကျိုးဖြစ်ထွန်းမည် ဖြစ်သည်။

တိုင်းရင်းဆေးဝါးများဖြင့် ကုသမှုနည်းလမ်းများကို ခေတ်မီနည်းပညာများ အသုံးပြု၍ စနစ်တကျ သုတေသန ပြုမှုကြောင့် ငှက်ဖျား၊ သွေးတိုး၊ ဆီးချို၊ သွေးချို၊ တီဘီ၊ ဝမ်းပျက်၊ ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါများကို ကုသနိုင်လျက်ရှိသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် ပင်ကိုသဘာဝအားဖြင့် အစွမ်းထက်မြက်သည်ဖြစ်ရာ မြန်မာ့တိုင်းရင်းဆေးပညာ ရေရှည်တည်တံ့ ထွန်းကားရေးအတွက် ဘိုးဘွားအမွေအနှစ်အဖြစ် ဆက်လက်ထိန်းသိမ်းစောင့်ရှောက် သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု လပွတ္တာမြို့သစ် စုစည်းဝေဖြာ စာကြည့်တိုက်ဖွင့်

လပွတ္တာ ဇန်နဝါရီ ၆

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် လပွတ္တာမြို့သစ် စုစည်းဝေဖြာစာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက်၉နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ကျင်းပရာ ရှေးဦးစွာ လပွတ္တာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးမောင်ကြည်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာလာဝင်း၊ စာကြည့်တိုက်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးတင်ရွှေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လက်ခံယူ

ဆက်လက်၍ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက လှူဒါန်းသော စာအုပ်စာစောင်များကို ခရိုင်ဥက္ကဋ္ဌ ဦးအေးမောင်ကြည်က လှူဒါန်းရာ စာကြည့်တိုက်ကော်မတီ ဘဏ္ဍာရေးမှူး ဦးမြင့်သိန်းက လက်ခံယူပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာတို့က လှူဒါန်းသော စာအုပ်စာစောင်များကို ခရိုင်ဦးစီးအရာရှိ ဒေါ်မာလာဝင်းက လက်ခံယူခဲ့သည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် မိုးကြယ်စင်ဆောက်လုပ်ရေးကုမ္ပဏီနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ပြီး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဆန်းမြင့်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဇန်နဝါရီ ၃ရက်က တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြပွဲပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးက အမြှာဆုရရှိသူ မိခင်နှင့်ကလေးအား ဆုချီးမြှင့်စဉ်။
(မြို့နယ် ပြန်/ဆက်)

အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်း တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၆

မွန်ပြည်နယ်အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ရက်က မော်လမြိုင်မြို့ အားကစားကွင်း၌ကျင်းပရာ ရှေးဦးစွာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်းက အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် အပြေးပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် တိုင်းမှူးက အကောင်းဆုံး ဘင်ခရာ၊ ပန်းဖွားအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး တာဝန်ရှိသူများက ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသူများနှင့် မြို့နယ်အလိုက် ချီတက်အလေးပြုစဉ် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသော မြို့နယ်အားကစားအသင်းများအား ဆုများနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အသင်း ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အသင်း၏ (၃၁)ကြိမ်မြောက် ညီလာခံကို ဇန်နဝါရီ ၂၅ရက်မှ ၂၉ရက်အထိ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders Hotel ၌ ကျင်းပမည်ဖြစ်ရာ ညီလာခံသို့ တက်ရောက်မည့် ကိုယ်စားလှယ်များသည် ဇန်နဝါရီ ၂၄ရက်နှင့် ၂၅ရက်များတွင် နံနက် ၉နာရီမှ ညနေ ၃နာရီအထိ Traders Hotel ၌ မှတ်ပုံတင်ကြရမည်ဖြစ်ပြီး ညီလာခံနှင့်အတူ သက်ကြီးဆရာဝန်ကြီးများအား ဂါရဝပြုကန်တော့ပွဲ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများအား ဂုဏ်ပြုဆုပေးပွဲတို့ကိုလည်း ကျင်းပမည်ဖြစ်ရာ ၁၉၄၅ခုနှစ် ဒီဇင်ဘာ ၃၁ရက်မတိုင်မီ မွေးဖွားခဲ့သော သက်ကြီး သွားနှင့်ခံတွင်း ဆရာဝန်ကြီးများသည် လည်းကောင်း၊ ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော သားသမီးများ၏ အသင်းဝင်မိဘများသည် လည်းကောင်း စာမေးပွဲအမှတ်စာရင်း မိတ္တူနှင့်အတူ ဒေါက်တာခင်ဇော် ဖုန်း-၀၉-၅၀၁၃၉၉၇၊ ဒေါက်တာခင်မောင်လေး ဖုန်း-၀၉-၅၁၁၅၆၃၆ နှင့် ဒေါက်တာ ဉာဏ်စိုး ဖုန်း-၀၉-၅၅၀၉၇၄၈တို့ထံသို့ ဇန်နဝါရီ ၂၁ရက်နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း သိရသည်။
(သွားနှင့်ခံတွင်းဆရာဝန်အသင်း)

ဒီဇင်ဘာ ၃၁ရက်က မြောက်ဥက္ကလာပမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းသို့ ဥက္ကလာပ အထူးကုဆေးခန်းမှ မီးသတ်ရေစုပ်စက် ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ရဲသူရိန် ဦးသင်းဌေးရွှေနှင့် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးအေးကျော်တို့ လက်ခံယူစဉ်။ (မြန်မာ့အလင်း)

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)

အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

ပေါင်းတည်မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို အလုံမြို့နယ် အလုံလမ်း ကမ်းနားဘက်ရှိ ပါဠိတက္ကသိုလ် ဇမ္ဗူရတနာကျောင်း ဓမ္မာရုံကြီး၌ ဇန်နဝါရီ ၃၀ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင် အသက်(၇၅)နှစ်ပြည့်ပြီးသူများ၊ ပညာရည် ချွန်ဆုရရှိသော အသင်းဝင်သားသမီးများသည် ဇန်နဝါရီ၁၅ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ အထောက်အထားများဖြင့် လျှောက်ထားနိုင်ကြပြီး သူငယ်တန်းမှ နဝမတန်းအထိ ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများပါ လျှောက်ထားနိုင်ကြောင်းနှင့် ဦးလှစော ဥက္ကဋ္ဌ ဖုန်း-၅၂၇၁၅၉၊ ဦးသောင်းလွင် ဒုတိယဥက္ကဋ္ဌ ဖုန်း-၃၇၆၇၄၂နှင့် ဦးဇော်လွင်ထွန်း (အတွင်းရေးမှူး) ဖုန်း-၅၁၉၃၄၀ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(၁၀၃)**

ဟုမ္မလင်းကမ်းနားလမ်း မြေထိန်းကျောက်စီနံရံပြီးစီးမှု

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် ဒီဇင်ဘာ ၂၁ရက်က ဟုမ္မလင်းမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံပြီး ချီးမြှင့်ပစ္စည်းများ ပေးအပ်ကာ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပေးအပ်

ထို့မှတစ်ဆင့် ဟုမ္မလင်းမြို့ တပ်မတော်ဆေးရုံသို့ ရောက်ရှိပြီး ဆေးကုသမှုခံယူလျက်ရှိသော လူနာများအား ကြည့်ရှုအားပေးစကားပြောကြား၍ ချီးမြှင့်ငွေများ ပေးအပ်သည်။

တိုင်းမှူးသည် ဒီဇင်ဘာ ၂၂ရက်က ဟုမ္မလင်းမြို့ ကမ်းနားလမ်းတည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး မြေထိန်းကျောက်စီနံရံ တည်ဆောက်ပြီးစီးမှုနှင့် တံတားကြဲခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့မှတစ်ဆင့် ဟုမ္မလင်းမြို့ ပြည်သူ့ဆေးရုံ ခုတင်(၁၀၀)သို့ ရောက်ရှိ၍ ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးပြီး လူနာများအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖြူးမြို့ အထက(၁) မြတ်ဆရာပူဇော်ပွဲ

ဖြူး ဇန်နဝါရီ ၆

ဖြူးမြို့ အထက(၁) (အမျိုးသားကျောင်း-၁၉၂၀)၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဖြူးမြို့ အထက(၁)၌ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့မှ အခမ်းအနားတက်ရောက်မည့် ကန်တော့ခံဆရာ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများအား အသွား-အပြန် မော်တော်ယာဉ်ခရီးစဉ်ဖြင့် စီစဉ်ပေးမည်ဖြစ်ပြီး ဇန်နဝါရီ ၁၅ရက် မွန်းတည့် ၁၂နာရီတွင် သခင်မြပန်းခြံ ရွှေစည်လက်ဖက်ရည်ဆိုင်ရှေ့မှ ထွက်ခွာမည်ဖြစ်သည်။ လူဦးရေကန့်သတ်ထားပါသဖြင့် လိုက်ပါလိုသူများသည် ဇန်နဝါရီ ၁၂ရက် နောက်ဆုံးထား၍ ဦးဂုဏ်ရင် ဖုန်း-၀၉-၅၄၁၂၄၆၁၊ ဦးမြဦး ဖုန်း-၀၁-၆၆၀၁၃၁၊ ၀၁-၂၂၉၉၄၅ တို့ထံသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၆

စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် ဒီဇင်ဘာ ၂၈ရက် နံနက်က မင်္ဂလာဒုံမြို့နယ်ရှိ မြန်မာ့စိုက်ပျိုးရေးဝန်ထမ်းများ၏ နည်းပညာအကူအညီနှင့် တောင်သူလယ်သမားများ ပူးပေါင်း ဆောင်ရွက်ထားရှိသည့် စပါးမျိုးသန့် မျိုးစေ့ထုတ်စိုက်ကွင်းသို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (ရုံးချုပ်)မှ အထွေထွေမန်နေဂျာ(စိုက်ပညာ) ဦးလှကြီး၊ ရန်ကုန်တိုင်းဒေသကြီး မန်နေဂျာ ဦးတင်အောင်ဝင်းတို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စိုက်ကွင်းတွင် မြို့နယ်မန်နေဂျာ ဦးထွန်းမြင့်နှင့် မျိုးသန့် မျိုးစေ့ထုတ် အကျိုးဆောင်တောင်သူ ဦးရှိန်ဝင်းတို့က ရတနာတိုးစပါးနှင့် အလားအလာကောင်းသော စပါးမျိုးသစ်တို့ကို မျိုးသန့်မျိုးစေ့ထုတ်လုပ်နိုင်ရေးအတွက် ဆန်ခါပိုက်ဖြင့် ပျိုးထောင်စိုက်ပျိုးမှု၊ အတန်းလှပ်စနစ်ဖြင့် စနစ်တကျ စိုက်ပျိုးထားရှိမှု၊ လုပ်ငန်းဇယားရေးဆွဲလျက် မျိုးကွဲနုတ်ပယ်ခြင်း၊ မြေသြဇာ ထည့်သွင်းခြင်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြရာ အထွေထွေမန်နေဂျာက လိုအပ်ချက်များ မှာကြားခဲ့သည်။

မှာကြားဆွေးနွေး

ထို့နောက် အထွေထွေမန်နေဂျာသည် မင်္ဂလာဒုံမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာရုံး၌ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ ဝန်ထမ်းများနှင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးလုပ်ငန်းဆွေးနွေးပွဲသို့ တက်ရောက်ပြီး စပါးမျိုးသစ်များကို ဒေသရေမြေနှင့် ကိုက်ညီမှုရှိ မရှိ သေချာစွာ သုံးသပ်ရန်၊ စံကွက်များကို အထွက်နှုန်းမိတ်ဖက်များနှင့်အညီ ရိတ်သိမ်းပြီး မိတ်ဖက်အားနည်းချက်၊ အားသာချက်များကို လေ့လာလျက် အထွက်နှုန်းအကောင်းဆုံးရရှိစေရေးနည်းလမ်းရှာဖွေရန်၊ ဆန်ခါပိုက်ပျိုးဖြင့် ပျိုးထောင်စိုက်စနစ် စသည်တို့ကို မှာကြားဆွေးနွေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**
(မြန်မာ့စိုက်ပျိုးရေး)

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာပို့စ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁) ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် လွတ်လပ်ရေး၏တန်ဖိုး၊ လွတ်လပ်ရေး၏ အနှစ်သာရ၊ လုံးဝလွတ်လပ်ရေးအတွက် အတတ်ပညာ၊ လုပ်ငန်းအောင်မြင်ရေးအတွက် အလုပ်သမားနှင့်အလုပ်ရှင် အပြန်အလှန်ယုံကြည်မှုတည်ဆောက်၊ အလုပ်သမားသည်ပထမ၊ ဖောက်သည်မှာ ဒုတိယ EFCS ဆိုသည့်အတွေးအခေါ် အယူအဆပြောင်းလဲခေတ်စား စသည့် မျက်နှာဖုံးသတင်းဆောင်းပါးများ၊ အာတိတ်လေအေးစီးကြောင်း လာနီညာနှင့် ပုံမှန်ထက်ပိုအေးမည့်နှစ်၊ သူတို့ပြောတဲ့ ၂၀၁၀ အကြိုက်ဆုံးသတင်းများ၊ ပြည်တွင်းဈေးကွက် ပုံမှန်ပြန်ဖြစ်လာတော့မည်စသည့် မျက်နှာဖုံးသတင်းများ ဖော်ပြထားသည်။ မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့်အနယ်နယ် အရပ်ရပ်မှ သတင်းများ၊ နိုင်ငံတကာ အားကစားကဏ္ဍနှင့် မှုခင်းသတင်းများကို ဝေဝေဆာဆာဖော်ပြထားသည်။ ထို့အပြင် မြန်မာ-တရုတ် စီးပွားပူးပေါင်းဆောင်ရွက်မှုများ မြင့်တင်မည်ဟု တရုတ်သံအမတ်ကြီးပြောကြား၊မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန် မလေးရှားလုပ်ငန်းရှင်များ ပိုမိုစိတ်ဝင်စား၊ အရှေ့-အနောက်စီးပွားရေး စင်္ကြံလုပ်ငန်းချဲ့ထွင်ရေး၌ မီဒီယာ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း ဗီယက်နမ်ကြေညာ၊ ဂျပန်က မြန်မာ့ရေထွက်ကုန်များ ဝယ်ယူရန်စိတ်ဝင်စား၊ မြန်မာ-အိန္ဒိယအပြန်အလှန်ကူညီရေးစာချုပ်ကြောင့် နယ်စပ်ဒေသများ ပိုမို ဖွံ့ဖြိုးလာမည်၊ ဇန်နဝါရီလအတွင်း ပြည်ပသို့ဆန်တန်ချိန် ၆၀၀၀၀ကျော် တင်ပို့ရန်ရှိ၊ FTTX စနစ် နှစ်ဆန်းပိုင်းတွင်စတင်မည် စသည့် ထူးထူးခြားခြား စိတ်ဝင်စားဖွယ်သတင်းများကို ဖော်ပြထားသည်။ **(သတင်းစဉ်)**

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဒဂုံဆိပ်ကမ်းစက်မှုဇုန် နေ့ကလေးထိန်းကျောင်း ရင်သွေးငယ်များ၏ လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၂၈ရက်က ကျင်းပရာ ဆုရသူကလေးများအား ကျောင်းအုပ်ချုပ်ရေးကော်မတီဝင် ဒေါက်တာကျော်ညွန့်လွင်က ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

မြို့သန့်ရှင်းသာယာလှပရေး ညောင်ဦးမြို့နယ်၌ ဆောင်ရွက်

ညောင်ဦး ဇန်နဝါရီ ၆

ညောင်ဦးမြို့နယ် အနော်ရထာလမ်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်နှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးတို့ ဒီဇင်ဘာ ၂၃ရက်က ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင် ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

မကွေး၌ မိုးစပါးစံကွက်ရိတ်သိမ်း

မကွေး ဇန်နဝါရီ ၆

မကွေးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးအောင်ဝင်းသည် မကွေးမြို့နယ် မြေစာရင်းဦးစီးမှူး ဦးဝင်းကျော်ဖြိုး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဦးမျိုးမြင့်သိန်း၊ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း မြို့နယ်မန်နေဂျာ ဦးသောင်းထိန်တို့လိုက်ပါလျက် မြို့နယ်မြေစာရင်းဦးစီးဌာနဝန်ထမ်းများနှင့်အတူ မကွေးမြို့နယ် အောင်မေတ္တာရပ်ကွက် မိုးကောင်းသောက်လယ်မြေကွင်းအမှတ် (၁၆၅၅)၊ ဦးပိုင်အမှတ် (N_2) တောင်သူ ဦးငွေထွန်း၏ (သင့်) ကိုယ်စားပြု မနောသုခစိုက်ခင်း ဧရိယာ တစ်ဧကတွင် စံကွက်ရိတ်သိမ်းရာ တစ်ဧကပျမ်းမျှအထွက်နှုန်း (အခြောက်တင်း) ၆၅ ဒသမ ၄၇ တင်း ထွက်ရှိကြောင်း သိရသည်။
(အောက်ပုံ)(ခရိုင် ပြန်/ဆက်)

ပေါက်တော၌ စာကြည့်တိုက်ဆောက်လုပ်

ပေါက်တော ဇန်နဝါရီ ၆

စစ်တွေခရိုင် ပေါက်တောမြို့နယ် ကျောက်ဆိပ်ကျေးရွာ၌ စာကြည့်တိုက်ဆောက်လုပ်နေမှုကို နိုဝင်ဘာ ၂၃ရက်က စစ်တွေခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြသန်းနှင့်အဖွဲ့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

အားကစား မြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင် မူးယစ်ဆေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့်ဝန်ကြီးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများက လွတ်လပ်ရေးနေ့သဝဏ်လွှာများ ပေးပို့ကြသည်။

ကိုရီးယားသမ္မတနိုင်ငံ

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် ကြိုးစားသွားမည်ဖြစ်ပါကြောင်း၊ ထို့အတူ နှစ်နိုင်ငံပြည်သူများအကြား ဆက်ဆံရေးတိုးမြှင့်ဖြစ်ထွန်းစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော်ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းများ တောင်းပါကြောင်း ဖော်ပြပါရှိသည်။

သြစတြေးလျ မနေသဟာယနိုင်ငံ

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ သြစတြေးလျမနေသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စတာ ကွင်တင်းဘရိုက်စ်ထံမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် သြစတြေးလျအစိုးရနှင့် ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ အဆွေတော်နှင့်တကွ မြန်မာနိုင်ငံပြည်သူများအတွက် ဆုမွန်ကောင်းများ တောင်းပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစေရန်အတွက်လည်း ဆုမွန်ကောင်းများ တောင်းပါကြောင်း ဖော်ပြပါရှိသည်။

ဆော်ဒီအာရေဗျနိုင်ငံ

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဆော်ဒီအာရေဗျနိုင်ငံဘုရင် The Custodian of the Two Hoy Mosques Abdullah Bin Abdulaziz AL Saud ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ မြန်မာနိုင်ငံ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာနိုင်ငံသားများ သာယာဝပြောစေရန်အတွက် ဆန္ဒပြုပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းများတောင်းအပ်ပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဆော်ဒီအာရေဗျနိုင်ငံ အိမ်ရှေ့မင်းသား His Royal Highness Sultan Bin Abdulaziz AL Saud ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံသမ္မတ မစ္စတာ ခရစ္စရှန်ဝုဖ်က လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေး ကြိုးပမ်းမှုများ အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ဆားဗီးယား သမ္မတနိုင်ငံ

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန်ထံသို့ ဆားဗီးယားသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ မီယကိုဇက်ဗ်ကိုဗစ်ချ်က ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ ဆားဗီးယားသမ္မတနိုင်ငံ အစိုးရအနေဖြင့်ရော မိမိအနေဖြင့်ပါ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း။

လာမည့်ကာလအတွင်း နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဖော်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံသို့ ဆားဗီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဗွတ်ခ်ရဲရမစ်ချ်ကလည်း လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့ အယ်လ်ဂျီးရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာအာမက် အိုရာဟီယာက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ ကျန်းမာချမ်းသာစေရန် ဆုတောင်းပါကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံသို့ အယ်လ်ဂျီးရီးယား ဒီမိုကရက်တစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမူရာဒ်မယ်ဒဲ့လ်စီကလည်း လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

(ဆက်လက်ဖော်ပြပါမည်)

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

➤ ➤ ➤ မိုးမြင့်လင်းလက် - စုစည်းသည် ≺ ≺ ≺

တက္ကဆက်ပြည်နယ်၌တောမီးလောင် သစ်တောဧက ၈၀၀၀ခန့် ပျက်စီး

ဟူစတန် ဇန်နဝါရီ ၆

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တောင်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောဧရိယာ ၈၀၀၀ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း အမေရိကန်မီဒီယာများက ဇန်နဝါရီ ၆ရက်က ဖော်ပြသည်။ **(အပေါ်ပုံ)**

မီးငြိမ်းသတ်

၎င်းတောမီးလောင်ကျွမ်းမှုမှာ ကလေးငယ်များ မီးရှူးမီးပန်းဆော့ကစားရာမှ လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်ဟု ဒေသဆိုင်ရာမီဒီယာများကလည်း ဖော်ပြခဲ့သည်။ တောမီးလောင်ခဲ့သည့်နေရာများမှာ ဂျမ်ဝယ်စ်နှင့် ကလီဘတ်အရပ်များတွင်ဖြစ်ပြီး နေအိမ်အချို့ မီးလောင်ခံခဲ့ရကြောင်း၊ ရဟတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခဲ့ရကြောင်း ၎င်းသတင်းများ၌ဖော်ပြသည်။ **(အင်တာနက်)**

တူရကီအနောက်ပိုင်း၌ လေယာဉ်ပျက်ကျ

အစ္စတန်ဘူလ် ဇန်နဝါရီ ၆

တူရကီနိုင်ငံအနောက်ပိုင်း၌ ဇန်နဝါရီ ၅ ရက်က စစ်ဘက်လေယာဉ် တစ်စင်း ပျက်ကျခဲ့ကြောင်း တူရကီနိုင်ငံ အနာတိုလီသတင်းဌာနက သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

ပျက်ကျ

၎င်းလေယာဉ်သည် တူရကီနိုင်ငံ အီမီရာစီဂလီလေတပ်အခြေစိုက်စခန်းမှ လေ့ကျင့် ပျံသန်းရန် ထွက်ခွာလာစဉ် မီနီမင်ခရိုင် ဂျော့ရွာအနီး ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်မှူးမှာ အချိန်မီခုန်ထွက်နိုင်ခဲ့သဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။ အချိန်မီ လေထီးဖြင့် ခုန်ထွက်နိုင်ခဲ့သည့် လေ့ကျင့်ရေးမှူးနှင့် လေ့ကျင့်မောင်းနှင်သူနှစ်ဦးတို့မှာ ဒဏ်ရာရရှိခဲ့သည်။

စုံစမ်းစစ်ဆေး

လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိသည်။ ဒဏ်ရာရရှိသူနှစ်ဦးအား ဆေးရုံသို့ တင်ပို့ထားကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**



ဖိလစ်ပိုင်တောင်ပိုင်း၌ ရေလွှမ်း

မနီလာ ဇန်နဝါရီ ၆

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းဒေသများတွင် ဇန်နဝါရီ ၆ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုနှင့်ရေလွှမ်းမှုများဖြစ်ပွားရာ ဒေသခံပြည်သူ ၉၀၀၀ကျော် အိုးအိမ်မဲ့ဖြစ်လျက်ရှိကြောင်း ဖိလစ်ပိုင်အရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

ရေလွှမ်းမှုဖြစ်ပွားသည့်နေရာများမှာ ဖိလစ်ပိုင်နိုင်ငံ စူရီဂါရိုနှင့် ရူဆမ်ပြည်နယ်များရှိ ကျေးရွာများတွင်ဖြစ်ပြီး ဒေသခံ ၁၇၄၉၂ဦးတို့အား ဘေးကင်းရာသို့ ရွှေ့ပြောင်းထားရသည်။

မာဂန်ဒါနာရိုပြည်နယ်တွင်လည်း ရေလွှမ်းမှုကြောင့် လူ ၆၀၀၀ခန့် အိုးအိမ်မဲ့ဖြစ်ခဲ့ရသည်။ ဖိလစ်ပိုင်အစိုးရက ကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(အင်တာနက်)**

ဇန်နဝါရီ ၃ရက်က အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း နန်ချိုရေအားလျှပ်စစ်စီမံကိန်း၏ ရေသွယ်ဥမင်လိုဏ် တိုးလျှိုပေါက်ဖောက်လုပ်နေမှု လုပ်ငန်းအောင်မြင်ပြီးစီးခြင်း အခမ်းအနားသို့ တက်ရောက် အားပေးစဉ်။ (သတင်းစဉ်)

(၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ဇန်နဝါရီ ၄ရက်က သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲကျင်းပရာ ဆုရရှိသူများအား မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလှိုင် ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၆

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၂)တွင် သမားရိုးကျ ဘဏ်လုပ်ငန်းများမှသည် ခေတ်မီဘဏ်လုပ်ငန်းစနစ်များဆီသို့ အစိုးရသစ်အတွက် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ (၁) မျက်နှာဖုံးသုံးသပ်ဆောင်းပါးဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ထွက်ရှိ

ယင်းအပြင် ဇန်နဝါရီပထမပတ်အတွင်း အအေးလှိုင်းဖြတ်မည်၊ ငါးသိန်းတန် စီဒီအမ်အေဖုန်းများ ကျပ်သုံးသောင်းသွင်းရုံဖြင့် အင်တာနက်သုံးနိုင်တော့မည်၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်ရေးတိုးမြှင့်ရန် ရန်ကုန်၊မန္တလေး၊ ဒါကာနှင့်စစ်တကောင်းမြို့များကို အခြေပြုဆောင်ရွက်သွားမည်၊ ဆေးခတ်ကာ ရွှေထည်ပစ္စည်းများယူပြီး သားမယားပြုကျင့်သည့်အမှု အပါအဝင် စုစုပေါင်း အမှု ၁၄မှု ကျူးလွန်သူများအားဖမ်းဆီး၊ ဇန်နဝါရီ ၁ရက်မှစ၍ Withholding Tax ၃ဒသမ ၅ရာခိုင်နှုန်း ပေးဆောင်ရမည်၊ ရွှေစုဆောင်းသိမ်းဆည်းသူများ ပြန်လည်ထုတ်ရောင်းလာ၊ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့်ရန်ကုန်တိုင်းဒေသကြီး ချိတ်ဆက်ရန် နှစ်လမ်းသွားကြိုးတံတား ဆောက်လုပ်သွားမည်၊ ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းမကြီး ဖွင့်လှစ်ပြီးနောက် အဝေးပြေးယာဉ်လိုင်းများ အချိန်နှင့်နေရာပြောင်းလဲမှုများပြုလုပ်ရန်ပြင်ဆင်၊ ဘုရင့်နောင်ကုန်စည်ဈေးကွက်နှင့် မန္တလေးကုန်စည် ဈေးကွက်သတင်းများ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ ဆောင်းရာသီနှင့် အလှအပရေးရာစသည့် ဖျော်ဖြေရေး ကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်သည်။

ကန်အနေဖြင့် နိုင်ငံအချို့ကိုစီးပွားရေးပိတ်ဆို့ထားသော်လည်း တစ်ဖက်မှ စီးပွားရေးလုပ်ပိုင်ခွင့်အတွက် လမ်းဖွင့်ပေးထား၊ ဘာလီကျွန်းတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးလာပြီး ရွှေ့ပြောင်းနေထိုင်သူများလည်းတိုးမြင့်လာ၊ စင်ကာပူငါးများသဘော်နစ်မြုပ်မှုတွင် သတို့သမီးလောင်း တစ်ဦးအပါအဝင် လူလေးဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေ မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

ကွန်ပျူတာ အခြေခံသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၂၀)သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) အောင်ဘာလေသိန်းဆုဌာနခွဲ ညွှန်ကြားရေးမှူး ဦးတင်လှိုင်ရွှေ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး **(အောက်ပုံ)** သင်တန်းတွင် ပထမဆုရရှိသော လက်ပံတန်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ အငယ်တန်းစာရေး ဒေါ်ဆုမီဝင်း၊ ဒုတိယဆုရရှိသော အောင်ဘာလေသိန်းဆုဌာနခွဲမှ အကြီးတန်းစာရေး ဒေါ်ကေသွယ်ကျော်နှင့် တတိယဆုရရှိသော မင်္ဂလာတောင်ညွန့်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ အကြီးတန်းစာရေး ဒေါ်စုစံစံတို့အား ဆုများချီးမြှင့်ပေးခဲ့သည်။

တက်ရောက်

အဆိုပါသင်တန်းဆင်းပွဲသို့ သင်တန်းသား ၄၀တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(ဘဏ္ဍာ/အခွန်)**

ကျောက်များစုဆောင်း

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ ပေါင်-ထန်းပင်ချောင်ကြီး လမ်းခင်းရန် ကျောက်များစုဆောင်းထားရှိမှုကို ဒီဇင်ဘာ ၁၅ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ခေတ်ပြိုင် ဗိသုကာလက်ရာဟန်များ စာအုပ်ထွက်ရှိ

နေပြည်တော် ဇန်နဝါရီ ၆



စာရေးဆရာ ညွန့်ဝင်းလေး၏ ခေတ်ပြိုင်ဗိသုကာလက်ရာဟန်များ စာအုပ်ကို နေမျိုးစာပဒေသာစာပေက ထုတ်ဝေလိုက်သည်။

အဆိုပါစာအုပ်တွင် နိုင်ငံတကာ ဗိသုကာလက်ရာဟန်တွေ့ရှိချက်များကို စာရေးဆရာ ညွန့်ဝင်းလေးက သုတရသ လက်ရာမြောက်စွာဖြင့် မြန်မာ့ဗိသုကာ လက်ရာဟန်များနှင့် ပေါင်းစပ်ရေးသားထားသည်။ စာအုပ်တွင်ပါဝင်သော ဆောင်းပါးများမှာ မဂ္ဂဇင်းများတွင် ဖော်ပြခဲ့သော ဗိသုကာဆောင်းပါးများကို စုစည်း၍ တင်ဆက်ထားရာ ခေတ်ပြိုင်အနုသုခုမ ဗိသုကာလက်ရာဟန်များကို လေ့လာလိုသူများအတွက် အထူးသင့်လျော်သောစာအုပ်ဖြစ်သည်။

ဗိသုကာနှင့် ပတ်သက်၍ ဂန္ဓဝင်ဗိသုကာ၊ မတ်စီမယ်လစ်ဇင် ဗိသုကာ၊ ဗိသုကာပညာဝေဖန်ရေး၊ အိပ်စ်ပရက်ရှင်းနစ်ဗိသုကာ၊ ဗိသုကာကြေး၊ ရှေ့ဆောင်ခေတ်လွန်ဗိသုကာ၊ အဆင့်မြင့်နည်းပညာသစ် အဆောက်အအုံ ဈေးကွက်၊ ဗိသုကာအရင်းအမြစ်နှင့်နယ်ပယ်၊ အနုပညာရှင်၏ကိုယ်ပိုင်အမြင်၊ ကျည်ကာမှန်ထဲက မိုနာလီဇာ၊ ရက်ပရီဆန်တေရှင်နယ်လ်နှင့် ဖန်တီးမှုစသည်ဖြင့် စုံစုံလင်လင် တင်ပြထားသည်။

ဗိသုကာရသဆောင်းပါးများစုစည်းမှု အမှတ်(၃)စာအုပ်ကို ဇော်ထွဋ်စာပေ အမှတ်၃၇(အေ) သီရိမင်္ဂလာလမ်း (၈)ရပ်ကွက် ကမာရွတ်မြို့နယ် ဖုန်း-၀၉-၅၀၉၀၈၁၆မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ **(သတင်းစဉ်)**

မြို့သာယာလှပရေး မဘိမ်းမြို့၌ ဆောင်ရွက်

မဘိမ်း ဇန်နဝါရီ ၆

မဘိမ်းမြို့သာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြေယာရှုခင်းအလှ ပြုပြင်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၄ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးအေးထွန်း ရှင်းလင်းတင်ပြခဲ့သည်။ **(မြို့နယ်စည်ပင်)**

မီးသတ်တပ်ဖွဲ့ဝင်များအား ဝတ်စုံထောက်ပံ့

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၄)ရပ်ကွက်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံ ထောက်ပံ့ပေးအပ်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက်၁၀နာရီက (၂၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူးရဲကျော်သူ ဦးဉာဏ်ထွန်းက အမှာစကားပြောကြားပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးဌေးအောင်က မီးသတ် တူညီဝတ်စုံ ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးခင်မောင်ထွန်းက အရန်မီးသတ်တပ်ဖွဲ့ဝင်များ ထပ်မံတိုးချဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးရဲကျော်သူ ဦးဉာဏ်ထွန်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးဌေးအောင်နှင့် အရန်မီးသတ်တပ်ရင်းဒုတိယတပ်ရင်းမှူးဦးခင်မောင်ထွန်းတို့က အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးသတ်တူညီဝတ်စုံများ ပေးအပ်ကြသည်။ **(အောက်ဝဲပုံ)** (၁၂၁)

၂၀၁၀-၂၀၁၁ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းစိုက်ခင်းစုစုပေါင်း ၇၃၀၉ ဒသမ ၉၃ ဧက ဖျက်ဆီးနိုင်ခဲ့

နေပြည်တော် ဇန်နဝါရီ ၆

၂၀၁၀-၂၀၁၁ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများ ရှာဖွေဖျက်ဆီးလျက်ရှိရာ ၂၀၁၀ခုနှစ် ဒီဇင်ဘာ ၁၃ ရက်အထိ ဘိန်းခင်း ၅၇၄၅ဒသမ ၀၃ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်သည်။

ဖျက်ဆီးနိုင်

ဒီဇင်ဘာ ၁၄ရက်မှ ၂၀ရက်အတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ဘိန်းခင်း ၁၅၆၄ဒသမ ၉၀ဧကထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း ၇၃၀၉ ဒသမ ၉၃ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထပ်မံဖျက်ဆီးနိုင်သည့် ဘိန်းခင်း ၁၅၆၄ ဒသမ ၉၀ဧကအနက် ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံ၊ ပင်လောင်း၊ဆီဆိုင်နှင့် ကလောမြို့နယ်များအတွင်းမှ ၁၂၇၀ ဒသမ ၃၅ဧက၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်၊ မိုင်းခတ်၊ မိုင်းပျဉ်း၊ ကျိုင်းတုံ၊ တာချီလိတ်နှင့် မိုင်းတုံမြို့နယ်များအတွင်းမှ ၁၉၉ ဒသမ ၁ဧက၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုး၊ တန့်ယန်း၊ သိန္နီ၊ နမ့်ခမ်းနှင့်ကွတ်ခိုင်မြို့နယ်များအတွင်းမှ ၁၅၆၄ ဒသမ ၉ဧက ဖျက်ဆီးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိုင်လျှားမြောက် ရေလှောင်တမံဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၆

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အိုင်လျှားမြောက်ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ရက် နံနက်ပိုင်း မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အိုင်လျှားမြောက်ကျေးရွာ၌ကျင်းပရာ အခမ်းအနားတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးဦးလှထွန်းက အမှာစကားပြောကြားရာ၌ ကျောက်ပန်းတောင်းမြို့နယ်အတွင်း ဆည်နှင့် ရေလှောင်တမံ ငါးခုမှ စိုက်ပျိုးရေ ဖူလုံစွာ ရရှိလျက်ရှိပြီး ကျေးရွာပေါင်း ၃၃၉ ရွာရှိသည့်အနက် ပုပ္ပားတောင်မကြီးစိမ့်စမ်းရေအသုံးပြုသည့် ကျေးရွာ ၂၇ ရွာမှအပ ကျန်ကျေးရွာ ၃၁၂ ရွာတွင် စက်ရေတွင်း(တွင်းနက်၊တွင်းတိမ်)များတူးဖော်ပေးထားပြီး သန့်ရှင်းသောသောက်သုံးရေရရှိရေး စီမံဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုပြန်လည်ပြုပြင်ပြီးစီးခဲ့သည့် အိုင်လျှားမြောက်ရေလှောင်တမံသည် ကျေးရွာခြောက်ရွာမှ ဒေသခံပြည်သူများအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် ရေအလုံအလောက် အသုံးချနိုင်မည်ဖြစ်သည့်အတွက် စိုက်ဧက တိုးတက်ပြီး စီးပွားရေးအရ ဝင်ငွေပိုမိုတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ပြောကြား

ယင်းနောက် ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အိုင်လျှားမြောက် ရေလှောင်တမံ၏ နောက်ခံသမိုင်းကြောင်းနှင့် ပြုပြင်တည်ဆောက်ပေးရခြင်း အကြောင်းအရင်းများကို ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူတို့က အိုင်လျှားမြောက်ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အသုံးပြုနိုင်မည်

ယခုပြုပြင်ပြီးစီးခဲ့သည့် အိုင်လျှားမြောက်ရေလှောင်တမံသည် တမံအလျားပေ ၇၅၀၊ တမံအမြင့်ပေ ၄၀ရှိသော မြေသားတမံ အမျိုးအစားဖြစ်ပြီး ရေဂါလန် ၁၁၂သိန်းခန့် သိုလှောင်ထားနိုင်မည်ဖြစ်သဖြင့် ဝန်မင်းကန်၊ အိုင်လျှားမြောက်၊အိုင်လျှားတောင်၊စမ်းမြိုင်အေး၊ လွန်ပင်ကုန်း၊ လက်ပံကျင်း စသည့် ကျေးရွာခြောက်ရွာမှ ဒေသခံပြည်သူများအတွက် သောက်သုံးရေဖူလုံစွာပံ့ပိုးပေးနိုင်မည်ဖြစ်သည့်အပြင် စိုက်ပျိုးရေအတွက်ပါ ထုတ်နုတ်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၄ရက်က လသာမြို့နယ် အထက(၁) ဗဟိုစံပြခန်းမဆောင်၌ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းက ဖတ်ကြားစဉ်။

(၁၀၆)

ညောင်လေးပင်မြို့နယ် အလယ်ရွာ၌ ကျေးရွာစာကြည့်တိုက်ဖွင့်

ညောင်လေးပင် ဇန်နဝါရီ ၆

ညောင်လေးပင်မြို့နယ် အလယ်ရွာကျေးရွာ၌ ဆောက်လုပ်ပြီးစီးခဲ့သော သုတစံအိမ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၆ရက် နံနက် ၉နာရီက ယင်းစာကြည့်တိုက် အဆောက်အအုံသစ်ရှေ့ မျက်နှာစာ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသီဟံစိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နီနီဝင်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လှူဒါန်း

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရေးအကြောင်း ရှင်းလင်းပြောကြား၍ ကျေးရွာဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်မြို့နယ်စာပေနှင့်စာနယ်ဇင်းတို့က လှူဒါန်းသော သုတရသစာအုပ်တို့ကို ကျေးရွာဥက္ကဋ္ဌက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

သန်လျင်အထက(၁) မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၆

သန်လျင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ (၂၆)ကြိမ်မြောက် သက်ပြည့်အငြိမ်းစား ဆရာဆရာမကြီး ၁၁၆ဦးတို့အား မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၈ရက်(စနေနေ့) နံနက် ၉နာရီတွင် အထက(၁)ပတ္တမြားခန်းမ၌ကျင်းပမည်ဖြစ်ရာ အပူဇော်ခံဆရာ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် အလှူငွေများကိုယင်းနေ့တွင် ထည့်ဝင်လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။

(၁၀၄)

အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ ကိုယ်စားလှယ်အဖွဲ့ အလုပ်ရုံဆွေးနွေးပွဲတက်ရန် အိန္ဒိယသို့ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၆

အိန္ဒိယသမ္မတနိုင်ငံ ဒေလီမြို့၌ ဇန်နဝါရီ ၄ရက်မှ ၁၇ ရက်အထိကျင်းပမည့် Sustainable Livelihood For Women Through Craft Seminar သို့တက်ရောက်ရန် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီ ဦးဆောင်သည့်အဖွဲ့သည် ဇန်နဝါရီ ၃ရက် မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့်ထွက်ခွာသွားကြရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းတည်ထောင်သူ အကြံပေးပုဂ္ဂိုလ် အငြိမ်းစားပါမောက္ခ ဒေါ်ရီရီမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သက်ရီနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

ဖန်းမော်၌ စက်ရေတွင်းတူး

ဖန်းမော် ဇန်နဝါရီ ၆

ဖန်းမော် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မအူပင်ကျေးရွာ နှစ်လက်မအချင်းရှိ စက်ရေတွင်းတူးဖော်ဆောင်ရွက်နေမှုအခြေအနေကို ဒီဇင်ဘာ ၂၀ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦး ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးထွန်းလတ်မောင်က လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

Automobile & Autoparts Expo- 2011 စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

K Future Co., Ltd. သည် Automobile & Autoparts Expo-2011 ကို ဇန်နဝါရီ ၂၁ရက်မှ ၂၄ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါပြပွဲနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို ဇန်နဝါရီ ၂ရက် မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ ဖိုးစိန်လမ်း Chatrium Hotel ၌ ကျင်းပသည်။

ပြန်လည်ဖြေကြား

အဆိုပါ ရှင်းလင်းပွဲတွင် K Future Co., Ltd.Managing Director ဒေါက်တာကောင်းကျော်ဆွေက ပြပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး **(အောက်ပုံ)** Main Sponsor RAMMAR Automobile Manufacturing & Trading Co., Ltd. အထွေထွေမန်နေဂျာ ဦးတင့်လွင်နှင့် Co- Sponsor Ever Smile Co., Ltd. (အားမာန်သစ်မော်တော်ယာဉ် ထုတ်လုပ်ရေး) MD ဦးစိုးစိုး(ခ)ဦးစိုးစိုးသန်းတို့က ရှင်းလင်းပြောကြားကြကာ စာနယ်ဇင်းများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

မေးမြန်းနိုင်

အဆိုပါပြပွဲတွင် ပြည်တွင်းမှမော်တော်ယာဉ်အမျိုးမျိုး၊ ကားအလှိုင်းနှင့် တာယာအမျိုးမျိုး၊ ကားကွတ်ခွေအမျိုးမျိုး၊ ကားအလှဆင်ပစ္စည်း အမျိုးမျိုး၊ GPS System နှင့် နည်းပညာအမျိုးမျိုး၊ ကားမှုတ်ဆေးအမျိုးမျိုး၊ ကားဘက်ထရီအမျိုးမျိုး၊ စက်သုံးဆီနှင့် ချောဆီအမျိုးမျိုး၊CNG နည်းပညာနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ကား Audio နှင့် အခြားဆက်စပ် ပစ္စည်းအမျိုးမျိုးတို့ကို ဈေးကွက်အတွင်းနှင့် သုံးစွဲသူပြည်သူများအတွင်း အရှိန်အဟုန်ပြင်းစွာဖြင့် ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်နိုင်စေရန်ရည်ရွယ်၍ စီစဉ်ကျင်းပခြင်းဖြစ်ပြီး ဖျော်ဖြေရေးအစီအစဉ်အဖြစ် နိုင်ငံကျော်အနုပညာရှင်များနှင့် Fashion Show , Dancer Show နှင့် Product Demonstration Show များ ပါဝင်မည်ဖြစ်ကာ ပြပွဲကို နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ခင်းကျင်းပြသမည်ဖြစ်ကြောင်း၊အသေးစိတ် သိရှိလိုပါက ဖုန်း-၄၀၀၀၂၁သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



မွန်ပြည်နယ် ခရိုင်ချင်းဆက်လမ်း ၉ မိုင် ၃ ဖာလုံခင်းခြင်းကို ဒီဇင်ဘာ ၁၇ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနီနှင့် မော်လမြိုင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်တို့ ကွင်းဆင်းစစ်ဆေးစဉ်။

(၀၁၄)

ဓာတုဆေးများ၊ ပိုးသတ်ဆေးများနှင့် ဓာတ်ငွေ့များကြောင့် ပတ်ဝန်းကျင်အဆိပ်သင့်ခြင်း

[illegible]

ကမ္ဘာပေါ်တွင် သိပ္ပံနှင့် နည်းပညာများ ဖွံ့ဖြိုးလာသည်နှင့်အမျှ လူနေမှုအဆင့်မြင့်မားရေးအတွက် ဓာတုဆေးပစ္စည်း (Chemical) အသစ် အမျိုးအစား ၁၀၀၀ကျော်ကို နှစ်စဉ်ထုတ်လုပ်သုံးစွဲလျက်ရှိပါသည်။ ယနေ့အထိ နိုင်ငံအသီးသီးမှ ထုတ်လုပ်သော ဓာတုဆေးပစ္စည်းအမျိုးအစား စုစုပေါင်းမှာ ၁၃သန်းကျော် ရှိပြီဖြစ်ကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။ ၎င်းတို့သည် တစ်နည်းနည်းဖြင့် ပတ်ဝန်းကျင်ရေထု၊ လေထုနှင့် မြေထုအတွင်းသို့ရောက်ရှိကာ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေပါသည်။ အဆိုပါ ညစ်ညမ်းသောပတ်ဝန်းကျင်မှ တစ်ဆင့် ဓာတုဆေးပစ္စည်းအမျိုးမျိုးတို့သည် လူသားများအပါအဝင် သက်ရှိများအတွင်းသို့ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရောက်ရှိကြကာ သက်ရှိများကို အဆိပ်သင့်စေပြီး အသက်အန္တရာယ်ကို ဖြစ်စေပါသည်။

(က) စက်ရုံများမှ စွန့်ပစ်သော ဓာတုဆေးပစ္စည်းများကြောင့် ပတ်ဝန်းကျင် အဆိပ်သင့်ခြင်း

နှစ်စဉ် စက်ရုံများမှ တန်ချိန်သန်းပေါင်းများစွာသော အန္တရာယ်ဖြစ်စေသည့် စွန့်ပစ်ပစ္စည်း (Industrial Waste) များကို ပတ်ဝန်းကျင် ရေထု၊ လေထုနှင့် မြေထုထဲသို့ စွန့်ထုတ်လျက်ရှိပါသည်။ ၁၉၅၆ခုနှစ်က ဂျပန်နိုင်ငံ မီနာမာတာပင်လယ်အော်အတွင်းသို့ ဓာတုဆေးပစ္စည်းထုတ်လုပ်သည့်စက်ရုံမှ ပြဒါး (Mercury) များကို စွန့်ပစ်ပစ္စည်းအဖြစ် စွန့်ထုတ်ပစ်ခဲ့မှုကြောင့် ပင်လယ်အော်ထဲရှိ ပုစွန်များ၊ ငါးများ၏ ခန္ဓာကိုယ်ထဲ ရောက်ရှိခဲ့ကာ ၎င်းတို့ကို လူများက စားသုံးခဲ့သဖြင့် လူများ ပြဒါးအဆိပ်သင့်၍ သေဆုံးခဲ့ရပါသည်။ ပြဒါးအဆိပ်သင့်ခံရသူများမှာ အဓိကအားဖြင့် အာရုံကြောများကို ထိခိုက်ခံရသဖြင့် ခြေလက်များ မလှုပ်ရှားနိုင်ခြင်း၊ မျက်စိအမြင်အာရုံ ကျဆင်းခြင်း၊ အကြားအာရုံထိခိုက်ခြင်း၊ စကားကောင်းစွာ မပြောနိုင်ခြင်း စသည်တို့ကို ခံစားရပြီး နောက်ဆုံးတွင် အကြောသေပြီး မေ့မြောကာ အသက်ဆုံးရှုံးရပါသည်။ ပြဒါးအဆိပ်သင့်ခံရသော ကိုယ်ဝန်ဆောင်မိခင်၏ သန္ဓေသားကိုပါ ရောဂါကူးစက်စေပါသည်။

သတ္တုလေး(Heavy Metal) များဖြစ်သော ကက်ဒမီယမ်(Cadmium)၊ ဆယ်လီနီယမ်(Selenium)၊ ကြေးနီ(Copper)နှင့် ခဲ(Lead) တို့သည် နည်းလမ်းအမျိုးမျိုးနှင့် ပတ်ဝန်းကျင်ရေထုထဲ ရောက်ရှိကြပါသည်။ ၎င်းတို့သည် တစ်နည်းနည်းဖြင့် (ဥပမာ-အစားအစာ) လူတို့၏ ခန္ဓာကိုယ်ထဲရောက်ရှိကာ အဆိပ်ပမာဏကြီးမားပါက ချက်ချင်းသေဆုံးနိုင်ပါသည်။ အကယ်၍ အဆိပ်ပမာဏနည်းပါက အချိန်ကြာလာသည်နှင့်အမျှ တဖြည်းဖြည်းနှင့် လူ၏ကျန်းမာရေးကို ထိခိုက်စေပါသည်။ ဥပမာအားဖြင့် ကက်ဒမီယမ်(Cadmium) ပါရှိသောသီးနှံကို စားသုံးမိပါက ချက်ချင်းဝမ်းလျှောကာ အချိန်ကြာမြင့်လာသည်နှင့်အမျှ အသည်းနှင့် ကျောက်ကပ်ကို ထိခိုက်ပျက်စီးစေပါသည်။ ခဲ(Lead) ပါရှိသောရေကို သောက်သုံးမိ၍ဖြစ်စေ၊ ခဲပါသောရေထုထဲ၌ အချိန်ကြာမြင့်စွာ ဆော့ကစားခဲ့ကြသော ကလေးများအနေဖြင့်ဖြစ်စေ ဉာဏ်ရည်ဖွံ့ဖြိုးမှုကို ထိခိုက်စေပါသည်။

(ခ) ပိုးသတ်ဆေးများကြောင့် ပတ်ဝန်းကျင်အဆိပ်သင့်ခြင်း

ပိုးသတ်ဆေးများ သုံးစွဲခြင်းကြောင့် သီးနှံများအထွက်နှုန်း တိုးတက်သည့် အကျိုးကျေးဇူးများ ရှိသကဲ့သို့ အခြားတစ်ဖက်မှာလည်း ၎င်းတို့သည် လူနှင့် လူ့ပတ်ဝန်းကျင်တွင်ရှိသော လူ့မိတ်ဆွေပိုးများ၊ ၄က်များနှင့် အင်းအိုင် ချောင်းမြောင်းများထဲရှိ ငါးများကို အဆိပ်သင့်စေသော ဆိုးကျိုးများကို ဖြစ်စေပါသည်။

ပိုးသတ်ဆေးအမျိုးအစားများစွာရှိသည့်အနက် အချို့မှာ ငါးများအပေါ် အဆိပ်သင့်၍ သေဆုံးစေနိုင်ပါသည်။ စာရေးသူ၏ သုတေသနတွေ့ရှိချက်အရ ဆိုင်မာမီသရင် ၁၀အီးစီ ပိုးသတ်ဆေးသည် ရေထုထဲ၌ အပုံတစ်သန်းပုံလျှင် ဝဒသမ ၀၀၄၂ပုံ ပျော်ဝင်ရုံမျှနှင့် လေးလက်မအရွယ်ရှိသော ရွှေဝါငါးကြင်းကို သေဆုံးစေနိုင်ပါသည်။ အယ်လ်ဆန် ၅၀အီးစီ ပိုးသတ်ဆေးအမျိုးအစားသည် ရေထုထဲ၌ အပုံတစ်သန်းပုံလျှင် ဝဒသမ ၀၂ပုံ ပျော်ဝင်ရုံမျှနှင့် ၃ဒသမ ၅လက်မအရွယ် တီးလားပီးယားငါးကို သေဆုံးစေနိုင်ပါသည်။ ထို့အတူ ဒိုင်ယာဇီနွန် ၄၀အီးစီ ပိုးသတ်ဆေးသည် ရေထုထဲ၌ အပုံတစ်သန်းပုံလျှင် ဝဒသမ ၈ပုံ ပျော်ဝင်ရုံမျှနှင့် လေးလက်မအရွယ်ရှိ ငါးမြစ်ချင်းငါးကို သေဆုံးစေနိုင်ပါသည်။ ပိုးသတ်ဆေးကြွင်း (Pesticide Residue) များသည် ပတ်ဝန်းကျင်ရေထုထဲ၌ အချိန်အတော်ကြာ အဆိပ်အာနိသင်ရှိနေနိုင်ပါသဖြင့် ရေသတ္တဝါများကို ချက်ချင်းသေဆုံးနိုင်သည့်အပြင် တရွေ့ရွေ့၊ တဖြည်းဖြည်းနှင့်လည်း သေဆုံးစေနိုင်ပါသဖြင့် လူသားများအတွက် ငါးစားသုံးခြင်းမှ ရရှိသော အသားဓာတ်(Protein) များ လျော့နည်းလာစေမည် ဖြစ်ပါသည်။

ပိုးသတ်ဆေးကြွင်း(Pesticide Residue) များပါရှိသော ငါး၊ ရေသတ္တဝါများ၊ တိရစ္ဆာန်အသား၊ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများ စားမိ၍ဖြစ်စေ၊ ပိုးသတ်ဆေးများပါဝင်သော လေကိုရှူမိ၍ဖြစ်စေ လူတို့၏ ခန္ဓာကိုယ်ထဲသို့ ပိုးသတ်ဆေးများရောက်ရှိသွားကာ ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။

လူသားတို့အနေဖြင့် ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများကို သတိပြုဆင်ခြင်၍ စားသုံးနိုင်ရန်အတွက် အမေရိကန်ပြည်ထောင်စု ပိုးသတ်ဆေးကြွင်း သုတေသနလုပ်ငန်းအဖွဲ့က ၂၀၀၈ခုနှစ်ကထုတ်ပြန်သော သုတေသနမှတ်တမ်းကို ဖော်ပြအပ်ပါသည်။ အဆိုပါ သုတေသနမှတ်တမ်းအရ (က) ပိုးသတ်ဆေးကြွင်း ပါဝင်မှုများပြားသော ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများမှာ မက်မွန်သီး၊ သစ်တော်သီး၊ ပန်းသီး၊ စတော်ဘယ်ရီသီး၊ ချယ်ရီသီး၊ စပျစ်သီး၊ ပဲသီးတောင့်၊ မုန်လာဥဝါ၊ အာလူး၊ သခွားသီး၊ ဆလတ်ရွက်နှင့် ကိုက်လန်တို့ဖြစ်ကြပြီး (ခ) ပိုးသတ်ဆေးကြွင်းပါဝင်မှု နည်းသော ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများမှာ-ထောပတ်သီး၊ ကြက်သွန်နီ၊ နာနတ်သီး၊ သရက်သီး၊ ကန်စွန်းဥ၊ သကြားပြောင်း၊ ကညွတ်၊ ဂေါ်ဖီထုပ်၊ သဘော်သီး၊ ပန်းဂေါ်ဖီ၊ ဖရဲသီး၊ ခရမ်းချဉ်သီး၊ ၄က်ပျောသီး၊ ရှောက်သီးနှင့် ခရမ်းသီးတို့ဖြစ်ကြောင်း သိရပါသည်။

လူတို့၏ ခန္ဓာကိုယ်ထဲသို့ရောက်ရှိသွားသော ပိုးသတ်ဆေးကြွင်းများသည် အချိန်ကြာလာသည်နှင့်အမျှ ပိုးသတ်ဆေးကြွင်းပမာဏ များပြားလာကာ အဆုတ်ရောဂါ၊ အစာအိမ်ရောဂါ၊ မှတ်ဉာဏ်ယုတ်လျော့သည့်ရောဂါ၊ အရေပြားရောဂါ၊ အာရုံခံစားမှုလျော့ကျသည့်ရောဂါ၊ အသည်းရောဂါ၊ ကင်ဆာရောဂါ၊ ကိုယ်ဝန်ပျက်ခြင်း၊ အင်္ဂါမစုံသော သားသမီးများ မွေးဖွားခြင်းတို့ ဖြစ်ပေါ်စေကာ နောက်ဆုံးတွင် အသက်ပင် ဆုံးရှုံးစေနိုင်ပါသည်။

၎င်းပြင် အဆိုပါ ပိုးသတ်ဆေးကြွင်းများကို လူတို့၏ အသည်း၊ မျိုးပွားအင်္ဂါ၊ ဦးနှောက်နှင့် သွေးထဲ၌လည်း တွေ့ရှိရပါသည်။ ပိုးသတ်ဆေးများ လူ၏ ခန္ဓာကိုယ်ထဲ ရောက်ရှိနေခြင်းကြောင့် မကြာခဏ ဖျားနာခြင်းဖြစ်ပြီး နောက်ဆုံး၌ အသက်ဆုံးရှုံးသွားကြပါသည်။ ကင်ဆာရောဂါနှင့် အသည်းရောဂါများဖြင့် သေဆုံးသူများ၏ ခန္ဓာကိုယ်ကို ခွဲစိတ်လေ့လာသောအခါ ၎င်းတို့၏ အဆီတစ်သျှူးထဲတွင် ဒီဒီတီပိုးသတ်ဆေးကြွင်း အမြောက်အမြားကို တွေ့ရပါကြောင်း မှတ်တမ်းများအရ သိရပါသည်။

(ဂ) လေထုညစ်ညမ်းခြင်းကြောင့် ပတ်ဝန်းကျင် အဆိပ်သင့်ခြင်း

လေထုညစ်ညမ်းမှုကို ဖြစ်စေသော အရာများမှာ စက်ရုံ၊ အလုပ်ရုံများမှ ထွက်ရှိသော ဓာတ်ငွေ့များ၊ ခဲမှုန့်၊ သတ္တုမှုန့်များ၊ မီးခိုးများနှင့် မော်တော်ကားများမှ ထွက်ရှိသော ဓာတ်ငွေ့များ၊ မီးခိုးများအပြင် ဖုန်မှုန့်များ၊ ပြာများနှင့် အမှုန်အမျိုးမျိုးတို့ ဖြစ်ကြပါသည်။

ဘေးအန္တရာယ်ဖြစ်စေသည့် ဓာတ်ငွေ့များမှာ ကာဗွန်မိုနောက်ဆိုက်၊ ဆာလ်ဖာဒိုင်အောက်ဆိုက်နှင့် နိုက်ထရိုဂျင်အောက်ဆိုက်တို့ ဖြစ်ကြပါသည်။

ကာဗွန်မိုနောက်ဆိုက် ဓာတ်ငွေ့သည် သွေး၏ အောက်ဆီဂျင် သယ်ပို့ပေးသည့် စွမ်းအင်ကို ထိခိုက်စေသဖြင့် ဦးနှောက်နှင့် နှလုံးသို့ အောက်ဆီဂျင်ရောက်ရှိမှုကို လျော့နည်းကာ မူးဝေခြင်း၊ သတိလစ်ခြင်းများ ဖြစ်ပေါ်စေပြီး ဦးနှောက်၏ တွေးခေါ်မှုစွမ်းအားကို ထိခိုက်စေပါသည်။

ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို အများအားဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်ရုံများ၊ ရေနံချက်စက်ရုံများ၊ သံရည်ကျို စက်ရုံများ၊ စက္ကူစက်၊ ပျော့ဖတ်စက်ရုံများမှ ထုတ်လွှတ်ပါသည်။ ဆာလ်ဖာဒိုင်အောက်ဆိုက် ဓာတ်ငွေ့သည် နှလုံးနှင့် အဆုတ်ရောဂါဝေဒနာများကို ဆိုးရွားစွာ ဖြစ်ပေါ်စေပါသည်။ ချောင်းဆိုးခြင်း၊ ရင်ကျပ်ခြင်း၊ ပန်းနာဝေဒနာများကိုလည်း ဆိုးရွားစွာဖြစ်စေပါသည်။ ဆာလ်ဖာဒိုင်အောက်ဆိုက် ဓာတ်ငွေ့သည် သစ်ပင်များကို အဆိပ်အတောက်ဖြစ်စေနိုင်သည်သာမက၊ သက်မဲ့ပစ္စည်းများဖြစ်သည့် ကျောက်တိုင်များ၊ တိုက်တာအဆောက်အအုံများနှင့် သတ္တုပစ္စည်းများကို ထိခိုက်ပျက်စီးစေနိုင်ပါသည်။

နိုက်ထရိုဂျင်အောက်ဆိုက်ဓာတ်ငွေ့သည် မော်တော်ယာဉ်များ၊ ဘွိုင်လာများ စသည်တို့မှထုတ်လွှတ်ပြီး လေထုထဲသို့ အများအပြား ရောက်ရှိပါက လူတို့၏အသက်အန္တရာယ်ကို ဖြစ်စေပါသည်။ နိုက်ထရိုဂျင်အောက်ဆိုက် ဓာတ်ငွေ့သည် ရောဂါကူးစက်မှုကို ခုခံနိုင်သည့်စွမ်းအင်ကို လျော့နည်းကျဆင်းစေပါသည်။ တုပ်ကွေး၊ အဆုတ်အအေးမိခြင်း၊ ရင်ကျပ်ခြင်းများကို ဖြစ်လွယ်စေပါသည်။ ၎င်းအပြင် သစ်ပင်၊ သီးနှံများကို အဆိပ်အတောက်ဖြစ်စေပြီး အပင်ကြီးထွားမှု၊ မျိုးစေ့သန်မာမှုများကို ထိခိုက်စေပါသည်။

လေကို ညစ်ညမ်းစေသည့် အခြားအရာများမှာ စက်ရုံများမှ ထွက်ရှိသော အမှုန်အမျိုးမျိုးအပြင် ဖုန်မှုန့်များ၊ မြေမှုန့်များ၊ ထင်းမီးဖိုနှင့် မီးလောင်ကျွမ်းရာမှ ထွက်ရှိသော မီးခိုးပြာများလည်း ပါဝင်ပါသည်။ လူနေရပ်ကွက်အတွင်း သစ်ရွက်၊ အမှိုက်၊ ပလတ်စတစ်အိတ်များ၊ မီးရှို့ခြင်းသည်လည်း လေကိုညစ်ညမ်းစေပြီး ကျန်းမာရေးကို ထိခိုက်စေပါသည်။

(ဃ) အိမ်ထောင်စုသုံး ဓာတုဆေးပစ္စည်းများကြောင့် အဆိပ်သင့်ခြင်း

အိမ်ထောင်စုအတွင်း အသုံးပြုနေကြသော အရောင်ချွတ်ဆေးများ၊ ကြေးချွတ်ဆေးများ၊ အိမ်သာသန့်ရှင်းရေးသုံး ဓာတ်ဆေးများ၊ ပန်းကန်ဆေးရာတွင် အသုံးပြုသော ဆပ်ပြာရည်များ၊ ကြမ်းတိုက်ဖယောင်းများ၊ လေသန့်ဆေးဘူးများ၊ ဆံပင်ဖျန်းဆေး၊ ဆံပင်ဖြောင့်ဆေး၊ ရေမွှေး၊ ခေါင်းလျှော်ရည်၊ လက်သည်းဆိုးဆေးနှင့် ခြင်ဆေးရည်များစသည်တို့ကို စနစ်တကျ အန္တရာယ်မရှိအောင် သုံးစွဲရန် အထူးလိုအပ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ၎င်းဆေးရည်များ မျက်စိထဲဝင်ခြင်း၊ ရှူရှိုက်မိခြင်းနှင့် အရေပြားထဲ စိမ့်ဝင်ခြင်းများဖြစ်ပါက အဆိပ်သင့်ကာ ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။

(င) အဆိပ်သင့်ခြင်းမှ တစ်ကိုယ်ရေကာကွယ်ရန် နည်းလမ်းများ

(၁) ပိုးသတ်ဆေးကြွင်းများ လူသားတို့ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်မှု နည်းနိုင်သမျှ နည်းစေရန်အတွက် အတန်အသင့် ပူနွေးသော ရေတွင် ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများကို လက်ဖြင့် ညင်သာစွာ တစ်မိနစ်ခန့် ပွတ်တိုက်ဆေးကြောခြင်းဖြင့် ပိုးသတ်ဆေးကြွင်း ၄၀ရာခိုင်နှုန်းကို ဖယ်ရှားပစ်နိုင်ကြောင်း သုတေသနမှတ်တမ်းများအရ သိရှိရပါသည်။

(၂) အပျော့စားပန်းကန်ဆေးဆပ်ပြာရည် လက်ဖက်ရည်ဇွန်း တစ်ဇွန်းကို ရေတစ်ဂါလန်ဖြင့်ရောကာ အဆိုပါ ဆပ်ပြာရည်တွင် ပိုးသတ်ဆေးကြွင်း ပါဝင်မှုများသော စတော်ဘယ်ရီသီး၊ စပျစ်သီးနှင့် ပဲသီးတောင့် စသည်တို့ကို ၁၀စက္ကန့်ခန့် မွှေနှောက်ဆေးကြောပြီးနောက် အတန်အသင့် ပူနွေးသောရေတွင် ဆပ်ပြာရည်များ စင်ကြယ်သွားရန် ထပ်မံဆေးကြောခြင်းအားဖြင့် ပိုးသတ်ဆေးကြွင်း ၅၆ရာခိုင်နှုန်းကို လျော့နည်းဖယ်ရှားပစ်နိုင်ကြောင်း သုတေသနမှတ်တမ်းများအရ သိရှိရပါသည်။

(၃) မက်မွန်သီး၊ သစ်တော်သီးနှင့် ပန်းသီးကဲ့သို့သော အသီးများ၏ အခွံများထဲ၌ ပိုးသတ်ဆေးကြွင်း များပြားစွာပါရှိကြောင်း သုတေသနမှတ်တမ်းများအရ သိရှိရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအသီးမျိုးတို့ကို ရေဖြင့်ဆေးကြောရုံမျှနှင့် မလုံလောက်ဘဲ အခွံကို နွှာပြီးမှသာ စားသုံးသင့်ပါသည်။ အခွံများကို နွှာပစ်လိုက်ခြင်းအားဖြင့် ပိုးသတ်ဆေးကြွင်း ၉၁ရာခိုင်နှုန်းကို ဖယ်ရှားပစ်နိုင်ကြောင်း သုတေသနမှတ်တမ်းများအရ သိရှိရပါသည်။

(၄) အလွှာများ အထပ်ထပ်ပါရှိသော ဂေါ်ဖီထုပ်တို့၏ အပြင်ဘက်ဆုံး အလွှာများတွင် ပိုးသတ်ဆေးကြွင်းများ ပါရှိနိုင်ပါ၍ အဆိုပါ အပြင်ဘက်ဆုံးလွှာများကို ခွာပြီး စွန့်ပစ်သင့်ပါသည်။

(၅) ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများကို ဆားရည်၌ သင့်တင့်သော အချိန်အတိုင်းအတာတစ်ခုအထိ နှစ်စိမ်ထားခြင်းဖြင့် ပိုးသတ်ဆေးကြွင်းအချို့ကို ဖယ်ရှားပစ်နိုင်ပါသည်။ သုတေသနတွေ့ရှိချက်အရ ပိုးသတ်ဆေးပက်ဖျန်းပြီးခါစ ငရုတ်သီးစိမ်းကို ၂ရာခိုင်နှုန်း ဆားရည်၌ ၁၀မိနစ်ခန့် စိမ်ထားပါက ပိုးသတ်ဆေးကြွင်း ၃၃ရာခိုင်နှုန်းကို ဖယ်ရှားနိုင်ပြီး အကယ်၍ ပိုးသတ်ဆေး ပက်ဖျန်းပြီး ငါးရက်ကြာသော ငရုတ်သီးစိမ်းကို ထိုကဲ့သို့ ဆောင်ရွက်ပါက ပိုးသတ်ဆေးကြွင်း ၈၄ရာခိုင်နှုန်းကို ဖယ်ရှားနိုင်ကြောင်း သိရှိရပါသည်။

(၆) ငါးများကို ဆီဖြင့် ကြော်စားခြင်းအားဖြင့် ငါးထဲရှိ ပိုးသတ်ဆေးကြွင်း ၇၅ရာခိုင်နှုန်းသည် အကြော်ဆီထဲသို့ရောက်ရှိသွားသဖြင့် ပိုးသတ်ဆေးကြွင်းများ လူတို့၏ ခန္ဓာကိုယ်ထဲရောက်ရှိမှုကို အတိုင်းအတာတစ်ခုအထိ ကာကွယ်နိုင်ကြောင်း သုတေသနမှတ်တမ်းများအရ သိရှိရပါသည်။

(၇) ပိုးသတ်ဆေးကြွင်းများသည် အဓိကအားဖြင့် တိရစ္ဆာန်အသားထဲရှိ အဆီလွှာများထဲ၌ များပြားစွာပါရှိကြောင်း သုတေသနမှတ်တမ်းများအရ သိရှိရပါသည်။ သို့ဖြစ်ပါ၍ တိရစ္ဆာန်အသားထဲမှ အဆီလွှာများကို ဖယ်ရှားပြီးမှသာ ကျက်အောင် ချက်ပြုတ်သင့်ပါသည်။

(၈) သဘာဝမှထုတ်လုပ်သော ပိုးသတ်ဆေးနှင့် မြေဩဇာများကို အသုံးပြု၍ စိုက်ပျိုးသော ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများ (Organic Food) များတွင် ကျန်းမာရေးကို ထိခိုက်စေသော ဆေးကြွင်းများ မပါရှိပါသဖြင့် ၎င်းတို့ကို မိမိတို့လက်လှမ်းမီသလို ဝယ်ယူစားသုံးသင့်ပါသည်။ ယခုအခါ မြန်မာနိုင်ငံတွင် သဘာဝ ပိုးသတ်ဆေးနှင့် သဘာဝမြေဩဇာများ အသုံးပြုစိုက်ပျိုးသော(Organic Food) ရောင်းချနေပြီဖြစ်ပါသည်။

(၉) မိမိကိုယ်တိုင် စိုက်ပျိုးရေးဝါသနာပါပြီး မိမိအိမ်တွင် သင့်တင့်သော မြေကွက်လပ်ရှိပါက သဘာဝပိုးသတ်ဆေးနှင့် သဘာဝမြေဩဇာအသုံးပြု၍ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြပြီး ကျန်းမာရေးနှင့် ညီညွတ်သော မိမိခြံထွက် (Organic Food) များကို စားသုံးကြပါရန် တိုက်တွန်းအားပေးအပ်ပါသည်။

(၁၀) ပိုးသတ်ဆေးသုံးစွဲသူများအနေဖြင့် ပိုးသတ်ဆေးပက်ဖျန်းရာတွင် မျက်စိ၊ နှာခေါင်းနှင့် ခန္ဓာကိုယ်ထဲသို့ ပိုးသတ်ဆေးများ မဝင်ရောက်နိုင်ရန် အကာအကွယ်များ မဖြစ်မနေအသုံးပြုရပါမည်။

(၁၁) သန့်ရှင်းသော ရေကို သောက်သုံးကြရန်နှင့် ညစ်ညမ်းသော ရေထဲတွင် ကြာရှည်စွာ ရေကူးခြင်းကို ရှောင်သင့်ပါသည်။

(၁၂) လေထုမသန့်ရှင်းသော နေရာများသို့ ရောက်ရှိခဲ့ပါက မျက်မှန်တပ်ခြင်း၊ နှာခေါင်းစည်းဝတ်ဆင်ခြင်းအားဖြင့် မျက်စိထဲသို့ အမှုန်များဝင်ရောက်မှုနှင့် အဆုတ်အတွင်းသို့ အဆိပ်သင့်နိုင်သော ဓာတ်ငွေ့များနှင့် အမှုန်များ ဝင်ရောက်မှုတို့ကို ကာကွယ်နိုင်ပါမည်။

(၁၃) အိမ်ထောင်စုသုံးဓာတုဆေးပစ္စည်းများကို သုံးစွဲရာတွင် အကြောင်းအမျိုးမျိုးကြောင့် ၎င်းဆေးရည်များ မျက်စိထဲဝင်ခြင်း၊ ရှူရှိုက်မိခြင်းနှင့် အရေပြားထဲ စိမ့်ဝင်ခြင်းများ မဖြစ်စေအောင် စနစ်တကျ သုံးစွဲရန် အထူးလိုအပ်ပါသည်။

(စ) ပတ်ဝန်းကျင် မညစ်ညမ်းရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရေး

၁၉၈၇ခုနှစ်မှ ၂၀၀၂ခုနှစ်အတွင်း မြန်မာနိုင်ငံအနေဖြင့် ရေကောင်းရေသန့် လျော့ပါးသွားမှု၏ ၉၈ရာခိုင်နှုန်းမှာ လယ်ယာစိုက်ပျိုးရေးတွင် အသုံးပြုသော ပိုးသတ်ဆေးများကြောင့်ဖြစ်ပြီး ၁ရာခိုင်နှုန်းမှာ စက်ရုံအလုပ်ရုံများမှစွန့်ပစ်သော ဓာတုဆေးများနှင့် အညစ်အကြေးများကြောင့်ဖြစ်ကြောင်းနှင့် ကျန် ၁ရာခိုင်နှုန်းမှာ ရုံးများမှ ရုံးသုံးပစ္စည်းများနှင့် မိသားစုအိမ်များမှ အိမ်သုံးနှင့် လူသုံးကုန်ပစ္စည်းများကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းတို့ကြောင့်ဖြစ်ကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။ သို့ဖြစ်ပါ၍ အထက်၌ဖော်ပြခဲ့သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် သက်ရှိများ အဆိပ်သင့်ခံရခြင်းမှ ကာကွယ်ရန်အတွက် လူသားတစ်ဦးချင်းအနေဖြင့် မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်ကို မိမိကြောင့် မညစ်ညမ်းစေရန် မိမိတို့ အသိစိတ်ဓာတ်ဖြင့် တစ်နိုင်တစ်ပိုင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

❍ ***ရွှေဖုံးမှ***

ဝယ်ယူထားသော ဝါများအား သိုလှောင်ရုံအတွင်း ဝါအမျိုးအစားအလိုက် စနစ်တကျသိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ဝါတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ဝါစိုက်ရာသီတွင် ဝါတောင်သူများ ဝါမျိုးကောင်းမျိုးသန့်များ အထွက်တိုး စိုက်ပျိုးနိုင်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မှာကြား

ယင်းနောက် ဝါကြိတ်စက်ရုံအတွင်း ဝါကြိတ်ခွဲနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့သည်။

ပေါင်းစပ်ညှိနှိုင်း

ထိုမှတစ်ဆင့် ဝန်ကြီးသည် နေပြည်တော်ခရိုင် တပ်ကုန်းမြို့မ ဝါအဝယ်ဒိုင်သို့ ရောက်ရှိပြီး ဝါဝယ်ယူမှုအခြေအနေကို ကြည့်ရှုစစ်ဆေး၍ ဝါစိုက် တောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ ငွေချည်(၆) အထွက်တိုးဝါများ စိုက်ပျိုးနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း နေပြည်တော်ခရိုင် တပ်ကုန်းမြို့မ ဝါအဝယ်ဒိုင်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခ ဒေါက်တာနေစိုးမောင်အား ယင်းတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

● ***ကျော့ဖုံးမှ***

ထူးခြားသောတူနာငါးကို ပင်လယ်ရေညှိနှင့်ပေါင်းစပ်ကာ ပင်လယ်အစားအစာ ပြုလုပ်ရန်အတွက် ဂျပန်နှင့် တရုတ်ဖက်စပ် စားသောက်ဆိုင် တစ်ဆိုင်က ဝယ်ယူသွားခဲ့ခြင်းဖြစ်ပြီး ထူးဆန်းသည့် ပင်လယ်အစားအစာအဖြစ် ဈေးကောင်းကောင်းဖြင့် ပြန်လည်ရောင်းချမည်ဖြစ်သည်။ ထိုသို့ ရောင်းချပါက ဂျပန်နိုင်ငံ၌ ဈေးအမြင့်ဆုံး ပင်လယ်အစားအစာဖြစ်လာမည် ဖြစ်သည်။

ပင်လယ်ရေညှိဖြင့် ပြုလုပ်ထားသော ပင်လယ်အစားအစာသည် တရုတ်၌ ဝယ်လိုအားကောင်းသည့် အစားအစာတစ်မျိုးဖြစ်သည်။

(အင်တာနက်)

မြဝတီရုပ်မြင်သံကြား

၇-၁-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၅ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၀ ၄။ အိုင်စီတီသုတ
၄:၂၅ ၅။ မျိုးချစ်တပ်မတော်
၄:၃၅ ၆။ လျှပ်တစ်ပြက်
၄:၅၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၀၀ ၈။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၅:၂၀ ၉။ ကြိုတင်တားဆီးရန်သူမီး
၅:၂၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၁။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **တန်ကာနီကာမှ ချင်ပန်ဇီ** (အပိုင်း-၄)
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၄။ **ရွာ** ဟာသဇာတ်လမ်းတွဲ
၆:၄၅ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀ ၁၆။ ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၄၄)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ သံစဉ်များနှင့်ကမ္ဘာ
၂၂။ ဝှက်တမ်း
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း **အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင်** (အပိုင်း-၄၄)
၂၅။ ကမ္ဘာ့တစ်ခွင်ခရီးစဉ်

❖ ***ရွှေဖုံးမှ***

ယင်းကြယ်တာရာကို ချီလီနိုင်ငံမှ ကမ္ဘာ့အကြီးဆုံး အာကာသကြည့်မှန်ပြောင်းနှင့် ရှာဖွေလေ့လာ သုတေသနပြုသည့်အပြင် ဟာဝိုင်ယီမှ ကတ်ဖာစီလီတီ အာကာသကြည့်မှန်ပြောင်းဖြင့်လည်း လေ့လာခဲ့ကြခြင်းဖြစ်သည်။ ၎င်းကြယ်တာရာပေါက်ကွဲမှုကို သုတေသနပြုနိုင်ခြင်းသည် အာကာသအတွင်း ဂြိုဟ်နှင့် ကြယ်တာရာတို့၏ ဖြစ်တည်နေမှု ရှေးအကျဆုံး အနေအထားကို လေ့လာနိုင်ရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

၎င်းကြယ်တာရာတွင် ကာဗွန်မှ အိုင်းရွန်းအက်တမ်ဖြစ်တည်မှု အနေအထားမှာ အခြားကြယ်တာရာများထက် ၃၅ဆမျှ ပိုမိုများပြားစွာ ဖွဲ့စည်းဖြစ်ပေါ်နေကြောင်း ချီလီအာကာသအဝေးကြည့်မှန်ပြောင်းဖြင့် လေ့လာကြည့်ရှု သုတေသနပြုမှုအရ သိရှိရသဖြင့် အာကာသအတွင်း အစောဆုံး ကြယ်တာရာပေါက်ကွဲမှု ဖြစ်နိုင်သည်ဟု အာကာသပညာရှင်များက သုံးသပ်ခဲ့ကြခြင်းဖြစ်သည်။ ။ ***(အင်တာနက်)***

အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း (ဒဂုံမြို့နယ်)၏ ၂၀၁၀-၂၀၁၁ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက်က ဒဂုံ သီရိခန်းမတွင် ကျင်းပရာ ဆဋ္ဌမတန်း ကျောင်းသား မောင်အောင်ကောင်းခန့်နှင့် ကျောင်းသူ မပန်းသီရိထွန်းတို့က မောင်ရွှေရိုးနှင့် ချစ်စပယ် အကဖြင့် ဧည့်ခံဖျော်ဖြေကြစဉ်။

(ပညာရေး)

Nano Energizer ကုန်ပစ္စည်းများ ကုန်စည်ပြပွဲ၌ ခင်းကျင်းပြသ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၈ရက်မှ ၁၀ရက်အထိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ကြီးမှူးကျင်းပသည့် Living With Technology Expo 2011 ကုန်စည်ပြပွဲ၌ ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သော Nano Energizer အမှတ်တံဆိပ် နောက်ဆုံးပေါ် အဆင့်မြင့် Nano နည်းပညာဖြင့် ထုတ်လုပ်ထားသော Engine Restoration and Protection ပစ္စည်းကို ခင်းကျင်းပြသ ရောင်းချမည်ဖြစ်သည်။ **(အောက်ပုံ)**

အသံပိုငြိမ်

Nano Energizer သည် စွမ်းဆောင်ရည်ကျနေသော အင်ဂျင်များအတွက် အင်ဂျင်အသစ်တစ်လုံးလဲလှယ်လိုက်သကဲ့သို့ အင်ဂျင်ပါဝါတိုးတက်ကောင်းမွန်ခြင်း၊ အင်ဂျင်အပူချိန် (Heat) သိသိသာသာလျော့နည်းစေခြင်း၊ အင်ဂျင်အသံပိုငြိမ်ခြင်း၊ ဆီစားသက်သာစေခြင်း၊ မီးခိုးအထွက်နည်းခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်သည်။

Nano Energizer ကုန်ပစ္စည်းသည် Engine Coating သည်နာနေသော မျက်နှာပြင်များကို ကုသပေးပြီး Coating တစ်ထပ်ပါ ပြုလုပ်ပေးသည်။ အဆိုပါ Coating ၏ အထူသည် (2 micron meter ~ 5 micron meter) သာရှိသည့်အတွက် အင်ဂျင်၏ မည်သည့် အစိတ်အပိုင်းကိုမျှ အနှောင့်အယှက်မဖြစ်စေပါ၊ Nano Ceramic Coating သည် အပူချိန် 2000 ဒီဂရီ စင်တီဂရိတ်ကျော်မှ အရည်ပျော်မည် ဖြစ်သောကြောင့် အချိန်ကြာမြင့်စွာ အင်ဂျင်အတွင်းပိုင်းတွင် တည်ရှိနေနိုင်ပြီး ကီလိုမီတာ 30000 ခန့်သုံးပြီးမှသာ Nano Ceramic Coating လျော့ပါးလာ၍ ကီလိုမီတာ 50000 ခန့်ရောက်လျှင် ကုန်ဆုံးလုနီးပါးသို့ ရောက်ရှိသွားမည်ဖြစ်သည့်အတွက် အချိန်ကြာမြင့်စွာ အသုံးခံသောကြောင့် စီးပွားရေးအရလည်း တွက်ခြေကိုက်သည်။

Nano Energizer အရည်အသွေးမြင့်ထုတ်ကုန်ပစ္စည်းများကို KOREA နိုင်ငံမှ ထုတ်လုပ်ပြီး မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် Royal Lubricants Trading Co., Ltd. ဖုန်း-၀၁-၇၃၀၃၉၁၉၁ နှင့် ၀၁-၆၈၁၆၀၆က တင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိပြီး အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၁-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၁၅ ၇။ အကပြိုင်ပွဲ
၈:၃၀ ၈။ တေးဂီတအစီအစဉ်
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ **ကျန်းမာသန်ထွား ဉာဏ်မြင့်မား**
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၄:၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၅၅ ၆။ နှောင်းခေတ်တေးပဒေသာ
၅:၀၀ ၇။ အတီးပြိုင်ပွဲ
၅:၁၀ ၈။ မြန်မာစာ၊ မြန်မာစကား
၅:၂၅ ၉။ တေးဂီတအစီအစဉ်
၅:၃၅ ၁၀။ **ရိုးသားဖြူစင်ကလေးတို့အသွင်**
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ ရုသစုံလင် အင်တာနက်ဥယျာဉ်
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကာရန်မဲ့...ရင်ခုန်သံ** (အပိုင်း-၂၅) (ဇာတ်သိမ်း)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **လျှပ်တစ်ပြက်ဟာသများ**
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **စိတ်ကူးနဲ့ကြမ္မာ** (အပိုင်း-၁၇)
၂၀။ **သီချင်းချစ်သူ (သျှားအိဘိုဘိုဟန်)**
၂၁။ အစီအစဉ်ပြီး၏။

တောင်ပိုင်းဒေသများ နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၆

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ဒီဂရီ စင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ဒီဂရီ စင်တီဂရိတ် လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ မကွေးတိုင်းဒေသကြီးတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဇန်နဝါရီ ၇ရက်ညနေအထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ရေဘေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၆

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ရေဘေးအတွက် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရှိ ဘာသာရေးအဖွဲ့အစည်းများဖြစ်ကြသော ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာနှင့် ခရစ်ယာန်ဘာသာရေး အဖွဲ့အစည်းများကလှူဒါန်းသည့် မြန်မာကျပ်ငွေ ၆၅၁၃၀၀၁ကျပ်ကို ဝန်ကြီးဌာနကိုယ်စား ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူး ဦးဇော်ဇော်ဦးက ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး COLONEL MUHAMMAD TARIQ FARID KHAN ထံသို့ ယနေ့တွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ဝဲပုံ)**

(သတင်းစဉ်)

အစိုးရရှေ့နေပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၁၁ ခုနှစ်
ဇန်နဝါရီလအတွက်
(၉-၁-၂၀၁၁)ရက်နေ့ နှင့်
(၃၀-၁-၂၀၁၁)ရက်နေ့

စစ်တွေခရိုင် မြောက်ဦးမြို့နယ် နဒင်ကျေးရွာ တောပန်းလင်းရောင် စာကြည့်တိုက် ဆောက်လုပ်ပြီးစီးနေမှုကို ဒီဇင်ဘာ ၁၈ရက်က ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်မြသန်း စစ်ဆေးစဉ်။ (ခရိုင် ပြန်/ဆက်)

အသက်(၆၅)နှစ်နှင့်အထက် နှစ်ယောက်တွဲတင်းနစ်ပြိုင်ပွဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ Myanmar International School Yangon (MISY) ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် အသက် (၆၅)နှစ်နှင့်အထက် ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သူများ၏ နှစ်ယောက်တွဲတင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ရက် နံနက် ၇နာရီခွဲက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ Myanmar International School Yangon (MISY) ၏ Board of Director နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ Myanmar International School Yangon ၏ Board of Director က ပြိုင်ပွဲကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အကြံပေးအရာရှိ ဦးညီညီက အမှာစကားပြောကြားကာ ပြိုင်ပွဲကိုကျင်းပသည်။ အဆိုပါပြိုင်ပွဲတွင် နှစ်ယောက်တွဲပေါင်း(၁၀)တွဲ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး နံနက် ၇နာရီခွဲတွင် တစ်ကြိမ်နှင့် ညနေ ၄နာရီခွဲတွင် တစ်ကြိမ် တစ်နေ့နှစ်ကြိမ်ဖြင့် ဇန်နဝါရီ ၉ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၃ရက်က လှိုင်မြို့နယ် အ.လ.က(၈) လှိုင်(ပုလဲရတနာ) ခန်းမ၌ကျင်းပသော ပညာရေးစုံညီပွဲတော်တွင် ဘောလုံးဒိုင်လူကြီး သင်တန်း ၁/၂၀၁၀ ထူးချွန်ဆုနှင့် အားကစားနည်းပြစွမ်းရည် ဆုရ ဦးရဲမိုးထွန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီဌေး ဆုချီးမြှင့်စဉ်။

(ပညာရေး)

လွတ်လပ်ရေးနေ့ အခမ်းအနား မူဆယ်၌ကျင်းပ

မူဆယ် ဇန်နဝါရီ ၆

မူဆယ်မြို့တွင် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၄နာရီ မိနစ် ၂၀တွင်လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သည့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ပွဲ အခမ်းအနားကို နံနက် ၇နာရီတွင် လည်းကောင်း၊ ပျော်ပွဲရွှင်ပွဲများကို နံနက် ၈နာရီမှ ညနေ ၄နာရီအထိ လည်းကောင်း ကျင်းပခဲ့သည်။

ဆုများချီးမြှင့်

အလံတင်အခမ်းအနားကို မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၌ ကျင်းပပြီးနောက် သဝဏ်လွှာဖတ်ပွဲ အခမ်းအနားကို မူဆယ်မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သည့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ခရိုင်ဥက္ကဋ္ဌ ဦးမိုးဟိန်းက ဖတ်ကြားသည်။ ဆက်လက်၍ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံး ဆုရကျောင်းသား ကျောင်းသူများနှင့် ဆုရ အားကစားမောင်မယ်များကို ခရိုင်ဥက္ကဋ္ဌဦးမိုးဟိန်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၁-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋ္ဌာနာဋိယသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **အမြဲကောင်းလေးပါး** တရားတော် (ဆရာတော် ဓမ္မဒူတ အရှင်ပညာဝရ)
- ၆:၄၀ တောင်းဆုအမှန်ပြည့်မည်ဧကန် (ကျိုက်ထိုမဟာမုနိသွန်းဘုရား)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၂၈)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၉၅)
- ၈:၃၀ Fashion Music Festival (Part-25)
- ၉:၀၀ သာသနာအကျိုးရွက်သယ်ပိုးရာ မြတ်သောအလှူတော်မင်္ဂလာ
- ၉:၁၅ ပဲခူးဒီဂရီကောလိပ်ခေတ်သုံးခေတ် ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ
- ၉:၃၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဦးကြည်စိုး) (အပိုင်း-၂)
- ၁၀:၀၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၀:၂၀ ဖက်ရှင်လမ်းညွှန် (မင်္ဂလာပြက္ခဒိန်အထူးအစီအစဉ်) (ပြည်စိုးအောင်)
- ၁၀:၃၅ သူတို့ပြောတဲ့သူတို့အကြောင်း (ဖူးစုံနှင့်တွေ့ဆုံခြင်း)
- ၁၁:၀၅ Activities in the City (KOICA မှပြုလုပ်ကျင်းပသော "World Friends Korea Conference")
- ၁၁:၂၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၁:၅၅ ယဉ်ကျေးမှုထွန်းကားရာနှင့် ယဉ်ကျေးမှုအစဉ်အလာ
- ၁၂:၁၅ ရန်ကုန်မြင်ကွင်းကျယ် [ဧရာဝတီတိုင်းဒေသကြီး ဒေသကောလိပ် (ပုသိမ်)၏ ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲ]
- ၁၂:၃၀ အထက (၄) မရမ်းကုန်း၏ နဝမအကြိမ်အာစရိယပူဇော်ပွဲ
- ၁:၀၀ **အမြဲကောင်းလေးပါး** တရားတော် (ဆရာတော် ဓမ္မဒူတ အရှင်ပညာဝရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ ဂီတသမားတို့ရဲ့ရင်ခုန်သံများ (Dagon K-Tour)
- ၂:၃၅ Activities in the City [သန်လျင်မြို့ခေမာရာမသီလရှင်စာသင်တိုက်၏ (၂၂)ကြိမ်မြောက် ပဌာန်းအောင်ပွဲ]
- ၂:၄၀ ပြင်ဦးလွင်မြို့မှပြင်ဦးလွင်စတားဆွယ်တာလုပ်ငန်း
- ၃:၀၅ ရန်ကုန်မြင်ကွင်းကျယ် (The Launching Ceremony of Orthopaedic Instruments and Implants of Pitkar Orthotool RI Ltd.)
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၂၈)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၉၅)
- ၄:၃၀ အမျိုးသမီးများအတွက် Queen's Rose
- ၄:၄၅ ဗဟုသုတများစုဆောင်းရာ Knowledge Bank
- ၅:၀၅ The Champion of Dance
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ပန်းချီပြခန်း (November Days Art Exhibition)
- ၆:၃၀ Activities in the City (KALBLE International) (Yangon Branch)မှ ကျင်းပပြုလုပ်သည့်ဆရာဝန်ကြီးများအားဂါရဝပြုမိတ်ဆုံစားပွဲ)
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၂၉)
- ၇:၁၅ Fashion Music Festival (Part-26)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ဆူးလေစေတီတော်ဘက်စုံ မွမ်းမံပြန်လည်တည်ဆောက်ရေး
- ၈:၃၅ သက်တံ့ရောင်ကမ္ဘာထဲက TOA COLOR WORLD
- ၉:၀၀ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၉၆)
- ၁၀:၀၅ VJ Choice
- ၁၀:၃၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **ယောက္ခမကရော့ခ်စတား**
- ၁၁:၀၀ သတ္တုတူးသောရွာကလေး
- ၁၁:၁၀ ပန်းပုပန်းချီတုမမီအောင် လက်ရာစုံပေသည်
- ၁၁:၂၅ ဂီတသရုပ်ပြခန်း (ဖေယျာနိုင် Selection)
- ၁၁:၄၅ World of Knowledge (Planet Mechanics)
- ၁၂:၃၀ ၂၅မိုင်ဖိမ်နဲ့ထိုင် နင်းစရာမလိုတဲ့ စက်ဘီး (မင်းရာဇာ၊ စိုးရန်အောင်၊ သီရတီ၊ ချမ်းမေမြတ်နိုး) [ဒါရိုက်တာ-ဒေါက်တာ တင်အောင်ရွှေ (သုတေသီ)]
- ၁၂:၄၅ Treasure From The Earth (အပိုင်း-၂)
- ၁:၁၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (သူရိန်မောင်မောင်)
- ၁:၃၀ အလှဆင်စရာပရိဘောဂကမ္ဘာ (Myanmar KEK Group Co.,Ltd.)
- ၁:၅၀ Box Office Movies (Avator)
- ၂:၁၀ အဖိုးတန်သောသဘာဝသယံဇာတ မြေပဟူးကောင်း
- ၂:၂၀ မင်းကွန်းရိုးရာလက်မှုအနုပညာ
- ၂:၄၀ စနစ်တကျစိုက်ပျိုးသစ်ခွအမျိုးမျိုး
- ၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၀ လှပသစ်ဆန်းအလှပြင်ခန်း (Expression)
- ၄:၂၀ သုခရိပ်မြုံဂေဟာမှပွင့်လန်းနေသော ပန်းကလေးများ
- ၄:၄၀ ပရအကျိုး တို့သယ်ပိုးစို့
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Myanmar Book Centre ၏ စာအုပ်ဈေးရောင်းပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

Myanmar Book Centre ၏ တတိယအကြိမ်မြောက် "BOOK- BUFFET" နှင့် "CLEARANCE SALE" စာအုပ်ဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၁၀ရက်မှ ၁၆ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း၊ အဆိုပါ စာအုပ်ဈေးရောင်းပွဲတော်မှ ရောင်းရငွေများကို ကျေးရွာစာကြည့်တိုက်များနှင့် ဘုန်းတော်ကြီးစာသင်ကျောင်းများတွင် လိုအပ်နေသော မြန်မာစာအုပ်များ ဝယ်ယူလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထည့်ယူနိုင်

စာအုပ်များကို အစီအစဉ်နှစ်မျိုးဖြင့် ရောင်းချသွားမည်ဖြစ်ပြီး အစီအစဉ်တစ်မှာ ငွေကျပ်၁၀၀၀၀တန် စာအုပ်ဘူဖေးဖြစ်၍ Book- Buffet ပြုလုပ်မည့်နေရာတွင် ငွေကျပ် ၁၀၀၀၀ဖြင့် အိတ်အရွယ် ၁၂ လက်မ× ၁၀ လက်မ × ၃လက်မ တစ်လုံးဝယ်ပြီး ကြိုက်နှစ်သက်ရာ စာအုပ်ကို အိတ်အပြည့်ထည့်ယူနိုင်သည်။ အစီအစဉ်နှစ်မှာ ငွေကျပ် ၂၀၀၀၀ တန်စာအုပ်ဘူဖေးဖြစ်၍ Book- Buffet ပြုလုပ်မည့်နေရာတွင် ငွေကျပ် ၂၀၀၀၀ဖြင့် အိတ်အရွယ် ၁၆ လက်မ × ၁၀ ဒသမ ၅လက်မ × ၃ ဒသမ ၅လက်မ တစ်လုံးဝယ်ပြီး ကြိုက်နှစ်သက်ရာ စာအုပ်ကို အိတ်အပြည့် ထည့်ယူနိုင်သည်။

ဒုတိယအစီအစဉ်အဖြစ် အထူးဈေးနှုန်းသက်သာသော စာအုပ်များကို "CLEARANCE SALE" အဖြစ် ရောင်းချပေးသွားပြီး အထူးဈေးနှုန်း သက်သာမည့် Art & Science Book များ၊ Medical၊ Engineering စာအုပ်များ၊ Cook Book များ၊ ကလေးစာအုပ်များကို မူရင်းထုတ်ဝေဈေး၏ 90% Discount အထိ လျှော့ရောင်းမည်ဖြစ်သည်။

"BOOK - BUFFET" နှင့် "CLEARANCE SALE" အစီအစဉ်ကို Myanmar Book Centre ၏ Outlets များဖြစ်သော ဆိုင် (၁) အမှတ် ၅၅၊ ဗဟိုလမ်း၊ ဗဟိုလမ်းနှင့် အလုံလမ်းထောင့် အလုံမြို့နယ် ရန်ကုန်မြို့ ဆိုင်(၂) အမှတ် (၅၆၁-၅၆၇) အခန်း(၃) မြေညီထပ် MAC Tower(1) ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တို့တွင် နံနက် ၉နာရီမှ ညနေ ၆နာရီနှင့် မန္တလေးဆိုင်ခွဲဖြစ်သော Room (429), Level 4, 78 Shopping Centre Mandalay ဆိုင်တွင် နံနက် ၉နာရီမှ ည ၉နာရီအထိ တစ်ပြိုင်တည်း ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

ချယ်လ်ဆီးတို့ အဝေးကွင်း၌ ရှုံးခဲ့ပြီ အာဆင်နယ်နှင့် မန်စီးတီးသရေကျခဲ့ပြီ

လန်ဒန် ဇန်နဝါရီ ၆

ပရီမီယာလိဂ်ပွဲစဉ်များကို ဇန်နဝါရီ ၆ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ချယ်လ်ဆီးတို့အဝေးကွင်း၌ ဝုလ်ဗာဟမ်တန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးပွဲကြုံပြီး အာဆင်နယ်ကလည်း မန်စီးတီးနှင့် သရေပွဲဖြစ်ခဲ့သည်။

ဝုလ်ဗာနှင့် ချယ်လ်ဆီး တို့ ပွဲတွင်ချယ်လ်ဆီး နောက်ခံလူ ဘော့စင်ဝါကြောင့် ဤသို့ ဂိုးဝင် သွား ခဲ့သည်။

ဝုလ်ဗာနှင့် ချယ်လ်ဆီး

ပုံမှန်ခြေစွမ်းပြန်ရရန် ကြိုးစားနေသော ချယ်လ်ဆီးသည် နိုင်ပွဲများရရှိရေးအတွက် ဒရော့ဘာ၊ မာလူဒါ၊ လမ်းပတ်၊ အက်စီယံ၊ တယ်ရီစသည့် အမာခံကစားသမားများကို ပွဲထုတ်ခဲ့သည်။ ဝုလ်ဗာကလည်း အိမ်ကွင်း၌ ဟက်ချာ၊ ဂျာဗစ်၊ ဟန့်စသည့်ကစားသမားများဖြင့် အကောင်းဆုံးရင်ဆိုင်ခဲ့သည်။

မှတ်တမ်းဝင်

ချယ်လ်ဆီးတို့ ဝုလ်ဗာကွင်း၌ အကောင်းဆုံးပုံစံဖြင့် ကစားခဲ့သော်လည်း ဝုလ်ဗာတို့က အကွက်စေ့စေ့ဖြင့် ဟန့်တားကာကွယ်ခဲ့ပြီး ချယ်လ်ဆီးတိုက်စစ်မှူးများ လွတ်လပ်စွာကန်သွင်းခွင့် အခွင့်အရေးကို အနည်းငယ်သာ ပေးခဲ့သည်။ ပွဲအစ ငါးမိနစ်မှာပင် ဝုလ်ဗာတိုက်စစ်ကိုဟန့်တားရင်း ချယ်လ်ဆီးနောက်ခံလူ ဘော့စင်ဝါ ဘောလုံးရှင်းထုတ်ရာမှ ဂိုးဝင်သွားသဖြင့် ဝုလ်ဗာတို့ စောစီးစွာ လက်ဆောင်ဂိုးရရှိခဲ့သည်။ ယင်းဂိုးသည် ယခုနှစ်ဘောလုံးရာသီ၌ ဝုလ်ဗာတို့ အမြန်ဆုံးဂိုးရရှိမှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ချယ်လ်ဆီးတို့ ချေပဂိုးရရှိရေးကြိုးစားရာ ဒရော့ဘာ၏ ကန်သွင်းချက်၊ လမ်းပတ်၏ အမှတ်မထင် ကန်သွင်းချက်များကို ဝုလ်ဗာဂိုးသမား ကာကွယ်နိုင်ခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ ချယ်လ်ဆီးတို့ ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရာ ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီအတွက် မျက်နှာပျက်စရာဖြစ်ခဲ့ရသည်။ ဝုလ်ဗာအသင်းသည် ပြီးခဲ့သည့် ၁၈နှစ်အတွင်း ချယ်လ်ဆီးအပေါ် ပထမဆုံးနိုင်ပွဲအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

အခြားပွဲရလဒ်များ

အာဆင်နယ်	၀-၀	မန်စီးတီး	ဘော်လ်တန်	၁-၁	ဝီဂန်
ဗီလာ	၀-၁	ဆန်းဒါးလန်း	အဲဗာတန်	၂-၁	စပါး
ဘလက်ဘန်း	၃-၁	လီဗာပူး	နယူးကာဆယ်	၅-၀	ဝက်စ်ဟမ်း

(အင်တာနက်)

* ရှေ့ဖုံးမှ

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်၊ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ တာဝန်ပေးဆောင်ရွက်မှု၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှ တာဝန်ရှိသူ၏ ကြိုးပမ်းမှု၊ ရောပုသိမ်ကုမ္ပဏီ အမှတ်(၁)၏ ဝါယမစိုက်ထုတ်မှု၊ ဒေသခံတောင်သူများ၏ အကျိုးတူပူးပေါင်းမှုတို့ဖြင့်၂၀၀၉-၂၀၁၀ခုနှစ် မိုးစပါးရာသီတွင် ဥတို (ကန်ချောင်း) ဒေသကို ဥတိုပေါ်ဆန်း မျိုးသန့်ဇုန်ဟု သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။

"ပိုတဲ့စပါးကို တောင်သူ စိတ်ကြိုက်ရောင်းနိုင်ပါတယ်"။
ဦးဝင်းမြင့်လှိုင်
အုပ်ချုပ်မှုဒါရိုက်တာ

ရှင်းပြ

ရောပုသိမ်(၁) ဆန်စပါး အထူးပြုကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းမြင့်လှိုင်က "အခုလို ဥတိုပေါ်ဆန်းတစ်ခေတ် ပြန်လည်ဆန်းသစ်လာနိုင်စေရေးအတွက် ကုမ္ပဏီအနေနဲ့ ၁၂၂ ဒသမ ၆၅ဧက စိုက်နိုင်ဖို့ တောင်သူ ၁၈ ဦးအား သရေင်းချောင်းမျိုးသန့်ခြံက ပေါ်ဆန်းဘေးကြား ၁၇၅တင်းနဲ့ တစ်ဧကကို စိုက်စရိတ် ငွေကျပ် တစ်သိန်းနှုန်းနဲ့ ထောက်ပံ့ခဲ့ပါတယ်။ မူရင်းထောက်ပံ့လိုက်တဲ့ မျိုးစပါးသန့်ကို တောင်သူတွေအနေနဲ့ ကုမ္ပဏီကို ပြန်သွင်းရမှာပါ။ ပိုတဲ့ မျိုးသန့်စပါးကိုတော့ မိမိ စိတ်ကြိုက် အခြားကိုလည်း ရောင်းနိုင်ပါတယ်။ ကုမ္ပဏီကိုပြန်ရောင်းမယ်ဆိုလည်း စပါးတင်း ၁၀၀ကို အခြားစပါးပေါက်ဈေးထက် ငွေကျပ်တစ်သိန်း ပိုပေးဦးမှာပါ၊ ဒါကလည်း နောက်တောင်သူတွေအတွက် မျိုးဖြန့်ဝေပေးဖို့ပါ"ဟု ရှင်းပြခဲ့သည်။

"ဥတိုပေါ်ဆန်းက အရင်တုန်းကတည်းက နိုင်ငံကျော်ခဲ့ပါတယ်"။
ဦးကြည်လေး (တောင်သူ)

ဥတို(ကန်ချောင်း)သည် ပုသိမ်မြို့၏ အနောက်တောင်ဘက် ၁၂မိုင်အကွာ၊ ဖက်ရဲမြစ်နှင့် ဥတိုချောင်းဆုံရာအကြား ဥတိုချောင်းနံဘေးတွင်တည်ရှိသည်။ တစ်နည်းဆိုသော် မြစ်နှင့်ချောင်းအကြား အလယ်ကျွန်းလေးဖြစ်သည်။ တစ်လလျှင်ရက်ပေါင်း ၂၀ခန့် ဒီရေအတက်အကျ ရှိသည့်အတွက် သဘာဝနုန်းတင် မြေနုကျွန်းလေးဖြစ်သည်။ မိမိမြေမှ ထွက်သော မျိုးမှမဟုတ်၊ အခြားမျိုးကို ယူစိုက်လျှင်ပင် အရည်အသွေး အနံ့အရသာပါ သိသာစွာ ပြောင်းလဲလေ့ရှိကြောင်း ရွာခံ အဘိုးအိုတစ်ဦးက ပြောပြ၍ သိခဲ့ရသည်။

ဖြည့်ဆည်းပေး

ယခုတိုင် သန်တုန်း မြန်တုန်း အသက် ၇၀ကျော်အရွယ် အဘဦးထွန်းနွယ်က "မနှစ်ကတည်းက စိုက်ပျိုးရေးဌာနကလူကြီးတွေ ဥတိုပေါ်ဆန်းပြန်စိုက်ဖို့လာရောက်စည်းရုံးကြပါတယ်။ ကုမ္ပဏီနဲ့ပေါင်းစပ်ပြီး လိုအပ်သမျှတွေ ဖြည့်ဆည်းပေးလို့ ၃ဒသမ ၅ဧက စိုက်ဖြစ်ပါတယ်။ အခုလည်း မြင်တဲ့အတိုင်းပါပဲ။ အောင်မြင်နေပါပြီ၊ ကိုယ့်ဒေသက ကိုယ့်မျိုးကို ပြန်စိုက်ခွင့်ရအောင် ဆောင်ရွက်ပေးကြတဲ့သူ အားလုံးကို ကျေးဇူးတင်ပါတယ်"။

တွက်ခြေကိုက်

၇ ဒသမ ၁၉ဧကစိုက် တောင်သူ ဦးကြည်လေးက "ဥတိုပေါ်ဆန်းက အရင်တုန်းက နိုင်ငံကျော်ခဲ့ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ရောင်းတန်းဈေးကွက်မှာ အရည်အသွေးတွေ ကျခဲ့ပြီး ဈေးကောင်းမရခဲ့တာပါ။ အခုတော့ မျိုးတွေလည်း ပြန်သန့်လာပြီး နောက်ဆုံးကိုယ်တိုင် ဆန်ကြိတ်ခွဲ ရောင်းရင်တောင် ဆန်နီ၊ လုံးပိန်၊ လုံးညှက်၊ ဖိုက်ဖြူကင်းတဲ့အတွက် ဆန်ကြိတ်ထွက်နှုန်း ၄၅တင်း ခန့်ရတဲ့အတွက် တွက်ခြေ အများကြီး ကိုက်ပါတယ်။ လူကြီးတွေရဲ့ စေတနာကြောင့် ဥတိုပေါ်ဆန်း တစ်ခေတ်ဆန်းလာတော့မှာပါ"ဟု စပါးပင်များကို လက်ညှိုးညွှန်ရင်း ပြောပြသည်။

ကြားယောင်ဆဲ

စာရေးသူတို့ အပြန်ခရီးတွင် ကုန်သွယ်လယ်ယာ ခရိုင်မန်နေဂျာ ဦးစောမိုက်ကယ်က "ဥတိုကျေးရွာအုပ်စုတစ်ခုလုံးမှာ မိုးစပါးစိုက်ဧက ၃၂၈၈၊ ပေါ်ဆန်းမွှေး စိုက်ဧက ၇၃၉၊ ဥတိုကြီးကျေးရွာမှာ ပေါ်ဆန်းစိုက်ဧက ၃၇၂ ဒသမ ၆၅အပြင် ဥတို၀၊ မရမ်းချောင်း၊ ကွင်းယားလေး၊ ထိန်ကုန်းလေး၊ ကျုံဒို စတဲ့ ကျေးရွာခွဲတွေမှာပါ စိုက်လာကြပါပြီ။ ၂၀၁၁ခုနှစ်မှာ ပြည်ပဈေးကွက်ဝင် သီးသန့်စပါးများကိုသာ ထုတ်လုပ်တင်ပို့သွားနိုင်ရေးအတွက် ဆောင်ရွက်သွားတော့မှာမို့ ဥတိုပေါ်ဆန်းဟာ တစ်ခေတ်ဆန်းလို့ နိုင်ငံတကာ ဆန်ဈေးကွက်မှာ နေရာယူနိုင်တော့မှာပါ"ဟု တက်တက်ကြွကြွ ရှင်းပြခဲ့သည်ကို အပြန်ခရီး ပုသိမ်ကားပေါ်သို့တိုင် စာရေးသူနားဝယ် ကြားယောင်ဆဲပင် ဖြစ်ပါတော့သည်။ ။

(မြန်မာ့အလင်း)

"အခုမြင်တဲ့အတိုင်း ဥတိုပေါ်ဆန်းက အောင်မြင်နေပါပြီ။"
ဦးထွန်းနွယ် (ဥတိုကြီးကျေးရွာ)

ဥတို(ကန်ချောင်း)စိုက်ကွင်းမှ လှသွေးကြွယ်နေသော ပေါ်ဆန်းစပါးခင်း အနီးကပ်မြင်ကွင်းကို တွေ့ရစဉ်။

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

(၅၇)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)၏ (၅၇)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်ညီလာခံကို ဇန်နဝါရီ ၁၉ရက်မှ ၂၅ရက်အထိ ရန်ကုန်မြို့ အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ညီလာခံသို့ တက်ရောက်မည့်သူများသည် ဇန်နဝါရီ ၁၅ရက် (စနေနေ့)မှစတင်၍ နံနက် ၁၀နာရီမှ ညနေ ၃ နာရီအထိ မြန်မာနိုင်ငံ ဆရာဝန်အသင်း၌ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

လှိုင်ဆမ်ဆစ်ဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ကွတ်ခိုင် ဇန်နဝါရီ ၆

ကွတ်ခိုင်မြို့ လှိုင်ဆမ်ဆစ်ဂေါက်ကွင်း၌ ဒီဇင်ဘာ ၆ ရက်က ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရာ ဦးကြည်ဝင်းသည် အမှတ်(၂) ၁၈၃ကိုက်ပါ (၃)ကျင်းတွင် Marumani Wood-5 ဖြင့် Srixon -4 ဂေါက်သီးကို ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ ကစားဖော်များအဖြစ် ဦးဆိုင်းစာလူ၊ ဦးခွန်ဆမ်၊ ဦးနော်ဒင်နှင့် ဦးအားဆုန်းတို့လည်း ကစားလျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

လွတ်လပ်ရေးနေ့ ဂုဏ်ပြု

စက်ရေတွင်းနှင့် ကတ္တရာလမ်းများဖွင့်

သုံးခွမြို့နယ် (၁)ရပ်ကွက် အနော်ရထာလမ်း ကတ္တရာထပ်ပိုးလွှာခင်းလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဘွားတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

တနင်္သာရီမြို့နယ် ရွှေလိပ်ပြာလမ်း ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ ရက်ကကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးဇော်မင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးဘိုဘိုမင်းသိုက်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရေဖြူမြို့နယ် ညင်းထွေးရွာအဝင်လမ်း ကျောက်ချောလမ်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသောင်းဟိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနိုင်ထွေးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပုလောမြို့နယ် အမှတ်(၅)ရပ်ကွက် ဇေယျာသီရိလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးငွေအောင်နှင့် အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)



ပန်းတောင်းမြို့နယ် တောင်ဘို့ကြီးကျေးရွာ နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က ကျင်းပရာ အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးသောင်းလွင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

7-1 (10).pmd 1 1/7/2011, 1:52 AM

ဝန်ကြီး ဦးမောင်မောင်ဆွေ မန္တလေးတိုင်းဒေသကြီးအတွင်း
ဌာနဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေသည် ဒီဇင်ဘာ ၂၄ရက်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဗဟိုမီးသတ်သင်တန်းကျောင်းဝင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ရောက်ရှိရာ သင်တန်းကျောင်းအဆောက်အအုံအခြေအနေနှင့် သင်ထောက်ကူပစ္စည်းများ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရတနာပုံမြို့သစ်ရှိ မီးသတ်စခန်းနှင့်ခြောက်ခန်းတွဲ ဝန်ထမ်းနေအိမ်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိပြီး အဆောက်အအုံတည်ဆောက်ပြီးစီးမှုအခြေအနေ၊ ယာဉ်ဝင်/ထွက်လမ်းနှင့် ရေရရှိရေးနှင့် လျှပ်စစ်မီးသွယ်တန်းနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ လူမှုဝန်ထမ်းဦးစီးဌာန လူငယ်သင်တန်းကျောင်းသို့ရောက်ရှိပြီး သင်တန်းသားနေရာချထားမှု၊ လေ့ကျင့်သင်ကြားပေးနိုင်မှုနှင့် သင်တန်းကျောင်း အဆောက်အအုံ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးစပါးအထွက်နှုန်းမှန်ကန်ရေး
ထန်းတပင်၌ စံကွက်ရိတ်သိမ်း

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် တူးချောင်းကျေးရွာ၌ ကျေးရွာအုပ်စုအဆင့် မိုးစပါးအထွက်နှုန်း မှန်ကန်ရေးအတွက် ဒီဇင်ဘာ ၂၁ရက်က ကွင်းအမှတ် (၃၆၄)A တူးချောင်းကျေးရွာကွင်း ဦးပိုင်အမှတ်(၁၅) ၂၄ဒသမ၂၈ဧကရှိ တောင်သူ ဦးကျော်ညွန့်လယ်မြေ၌ စံကွက်ရိတ်သိမ်းကြရာ မြီတိုးအုပ်စု တောင်ပျံရင်စပါးမျိုး(သင့်) အမျိုးအစား တစ်ဧကခြောက်သွေ့ပြီးစပါး ၅၈ဒသမ၁၈တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

စုပေါင်းစံကွက်ရိတ်သိမ်း

အဆိုပါ ကျေးရွာအုပ်စုအဆင့် စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်မြေစာရင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးစိန်အောင်မင်းနှင့် မြေစာရင်းဝန်ထမ်းများ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ တူးချောင်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်အောင်၊ အဖွဲ့ဝင်ဦးမင်းလှနှင့် တောင်သူများ တက်ရောက်ကြပြီး စုပေါင်းစံကွက် ရိတ်သိမ်းကြသည်။ **(အပေါ်ပုံ)** **(၁၈၃)**

လှတောကျေးရွာ၌ မိုးစပါးစံကွက် ရိတ်သိမ်း

ဝက်လက် ဇန်နဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဒေသကြီး မြေစာရင်းဦးစီးမှူး ဦးတင်အောင်၊ ဒုတိယတိုင်းဒေသကြီးစိုက်ပျိုးရေး မန်နေဂျာ ဦးသိန်းဝင်းနှင့် တိုင်းဒေသကြီးစိုက်တိုးမြှင့်အဖွဲ့သည် ခရိုင်၊ မြို့နယ် စိုက်တိုးမြှင့်အဖွဲ့နှင့်အတူ ဒီဇင်ဘာ၂၀ရက်က ဝက်လက်မြို့နယ် လှတောကျေးရွာ ကွင်းအမှတ်(၃၂၈၀)၊ စံပြကွင်း ဦးပိုင်အမှတ်(၁၅) တောင်သူ ဦးစိုးသိန်း၏ ပေါ်ဆန်းဘေးကြားစပါးစိုက်ခင်းအား စံကွက်ရိတ်သိမ်းမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထွက်ရှိ

အဆိုပါ လယ်တစ်ဧကမှ ၈၆ ဒသမ ၅၃တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မသန်စွမ်း ကလေးများအတွက်
ဆေးကုသစရိတ် ထောက်ပံ့မည်

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်းသည် Disabled Children Development Programm အရ နိုဝင်ဘာလအတွင်း ရန်ကုန်မြို့ရှိ အမျိုးသား ပြန်လည်သန်စွမ်းရေးဆေးရုံနှင့် ကလေးဆေးရုံကြီးတို့တွင် တက်ရောက်ဆေးကုသမှုခံယူနေသည့် ချို့တဲ့သော မသန်စွမ်းကလေးများအတွက် အထောက်အကူပြုပစ္စည်း ပေးအပ်ခြင်းနှင့် ဆေးကုသစရိတ် ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ (၂၀၁၀)အား ဂုဏ်ပြုသောအားဖြင့် ၂၀၁၀ခုနှစ် ဒီဇင်ဘာလအတွင်း ရန်ကုန်မြို့ရှိ ဆေးရုံကြီးများတွင် တက်ရောက်ဆေးကုသမှုခံယူနေကြသော မသန်စွမ်းကလေးများနှင့် အနယ်နယ်အရပ်ရပ်ရှိ မသန်စွမ်းကလေးများအား အထောက်အပံ့များ ပေးအပ်သွားမည်ဖြစ်သည်။

ငွေကြေးချို့တဲ့သော မသန်စွမ်းကလေးများသို့ အထောက်အကူပစ္စည်းများနှင့် ဆေးကုသစရိတ်များ ထောက်ပံ့နိုင်ရန်အတွက် မြန်မာနိုင်ငံကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်း ရုံးချုပ် အမှတ်(၅၁) ညောင်တုန်းလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၁၈၄၁၀၊ ၅၁၁၆၈၄နှင့် နယ်ရုံးခွဲများဖြစ်သည့် မန္တလေးမြို့ ဖုန်း-၀၂-၉၁၀၁၉၂၆၉၊ တောင်ငူမြို့ ဖုန်း-၀၉-၅၃၅၁၁၀၄၊ မော်လမြိုင်မြို့ ဖုန်း-၀၅၇-၂၄၆၉၇၊ ပုသိမ်မြို့ ဖုန်း-၀၄၂-၂၁၈၈၆၊ ဟင်္သာတမြို့ ဖုန်း-၀၄၄-၂၂၄၈၃၊ ဒေးဒရဲမြို့ ဖုန်း-၀၉-၈၅၉၁၉၁၈နှင့် ဘိုကလေးမြို့ ဖုန်း-၀၉-၅၈၉၀၂၆၂ တို့ထံသို့ ဆက်သွယ်တောင်းခံနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကမြို့ရေပေးရေးလုပ်ငန်း ပင်မရေပိုက်လိုင်းလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၅ရက်က အမှုဆောင်အရာရှိဦးဦးချစ်မောင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ် ပြန်/ဆက်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ရာဇာလင်းမိသားစု ဆေးတက္ကသိုလ်ပညာသင်ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၆

ပညာဒါန အလှူရှင် ဦးအေးကျော် - ဒေါ်အေးအေးမြင့် ရာဇာလင်းမိသားစုသည် ဆေးတက္ကသိုလ်တက်ခွင့်ရရှိသည့် ဆင်းရဲနွမ်းပါး၍ အမှန်တကယ် အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများအားရွေးချယ်ပြီး နှစ်စဉ်ပညာသင်ဆုများ ချီးမြှင့်လျက်ရှိရာ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင်လည်း ဆင်းရဲနွမ်းပါးသော ဆေးတက္ကသိုလ်တက်ခွင့်ရကျောင်းသား ကျောင်းသူ ရှစ်ဦးအားရွေးချယ်၍ ရာဇာလင်း ဆေးတက္ကသိုလ်ပညာသင်ဆု ချီးမြှင့်သည်။

ဆုရရှိသူများ

၂၀၁၀ - ၂၀၁၁ ပညာသင်နှစ် ရာဇာလင်း ဆေးတက္ကသိုလ်ပညာသင်ဆု ရရှိကြသူများမှာ မဝတ်ရည်ဝင်း ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ မောင်သူရထွန်း ဆေးတက္ကသိုလ် မန္တလေး၊ မောင်အောင်ဇော်ထက် ဆေးတက္ကသိုလ် မကွေး၊ မသုနန္ဒာအေး ဆေးတက္ကသိုလ် မကွေး၊ မမြသက်ထားဦး ဆေးတက္ကသိုလ် မကွေး၊ မရွှေရည်မိုးမြင့်မြတ် ဆေးတက္ကသိုလ် မကွေး၊ မအင်ကြင်းသက် ဆေးတက္ကသိုလ် မကွေးနှင့် မခိုင်ဇင်အောင် ဆေးတက္ကသိုလ် မကွေးတို့ဖြစ်ကြသည်။

ထုတ်ယူနိုင်

အဆိုပါ ပညာသင်ဆုရရှိကြသူများအား ၂၀၁၀ - ၂၀၁၁ ပညာသင်နှစ် ပထမနှစ်မှစ၍ ဆေးပညာဘွဲ့ရသည်အထိ တစ်လလျှင် ငွေကျပ်ငါးသောင်းစီကို ရာဇာလင်းမိသားစု၏ စည်းကမ်းချက်များနှင့်အညီ လစဉ်ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ပညာသင်ဆုရရှိကြသူများသည် ဆေးတက္ကသိုလ်အသီးသီးတွင် မိမိတို့ ပထမနှစ်သင်တန်းတက်ရောက်နေကြောင်း အထောက်အထား စာရွက်စာတမ်းများကိုလည်းကောင်း၊ ယခင်နှစ်များတွင် ရာဇာလင်း ဆေးတက္ကသိုလ် ပညာသင်ဆုရရှိခဲ့ပြီး ဆေးပညာဆက်လက်သင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများသည် မိမိတို့သက်ဆိုင်ရာအတန်းအသီးသီး အောင်မြင်ကြောင်း ထောက်ခံချက်များကိုလည်းကောင်း အမှတ်၅၀ ကန်ရိပ်သာ (၃)လမ်း Finger Lake F.M.I City လှိုင်သာယာမြို့နယ် ရန်ကုန်မြို့သို့ အချိန်မီပေးပို့၍ ပညာသင်ဆုများ ဆက်လက်ထုတ်ယူနိုင်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ပခုက္ကူ၌ မူလတန်းလွန်ကျောင်းဖွင့်

ပခုက္ကူ ဇန်နဝါရီ ၅

ပခုက္ကူမြို့နယ် ပန်းတိုင်းခြုံကျေးရွာအုပ်စု မြောက်လူးကန်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းဖွင့်ပွဲနှင့် အမှတ်(၁၃၆) အခြေခံပညာ မူလတန်းကျောင်း (၂၅) နှစ်မြောက် ငွေရတုအထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၂၄ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ မူလတန်းကျောင်း၌ ကျင်းပရာ ကျောင်းဆိုင်းဘုတ်ကို မြို့နယ်ပညာရေးမှူး ဒေါ်ခင်ညိုမြင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးထွန်းလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်ခင်ညိုမြင့်၊ ကျေးရွာဥက္ကဋ္ဌ ဦးထွန်းလင်းနှင့် ကျောင်းအကျိုးတော်ဆောင် ဦးအောင်ကျော်မိုးတို့က အမှာစကားပြောကြားကြပြီး ငွေရတုသဘင် ကျင်းပရခြင်းနှင့် ပတ်သက်၍ ကျောင်းအုပ်ဦးကိုကိုလေးက ရှင်းလင်းတင်ပြသည်။

ယင်းနောက် မူလွန်ကျောင်းဖွင့်ပွဲ အထိမ်းအမှတ်အလံကို မြို့နယ်ပညာရေးမှူးထံ ကျေးရွာဥက္ကဋ္ဌက ပေးအပ်၍ ပညာရေးငွေပဒေသာပင် စိုက်ထူလှူဒါန်းကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ကျောင်းအကျိုးတော်ဆောင် ဦးမြခိုင်က ပေးအပ်ကြောင်း သိရသည်။ **(၀၇၀)**

လက်ခံယူ

Malaysia Association Myanmar & All Other Donersမှ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေ အမေရိကန်ဒေါ်လာ ၁၀၀၀ လှူဒါန်းရာ နာယက ဗိုလ်မှူးချုပ်အောင်ယဉ်လှ(ငြိမ်း)က လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ညောင်ရွှေမြို့ မြို့တွင်းလမ်းများတွင် လမ်းမီးများတပ်ဆင်နေမှုကို ဒီဇင်ဘာ ၂ ရက်က ဦးစီးအရာရှိ ဦးသိန်းစိုးဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရပ်စောက်မြို့ဘက်သို့အထွက် လမ်းဘေးဝဲယာ သန့်ရှင်းရေးလုပ်ငန်းများကို ဒီဇင်ဘာ ၁၅ရက်က အမှုဆောင်အရာရှိ ဦးတင့်ဝေ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)



ဝေါမြို့နယ် အေးချမ်းသာယာရပ်ကွက် ဗိုလ်မြတ်ထွန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၃ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သန်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဒီဇင်ဘာ ၂ရက်က မိုးကောင်းမြို့ သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်ကန်ဆောင်ရွက်ထားမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

လွယ်ဂျယ်မြို့နယ် လီဆုပါကျေးရွာ စိမ့်စမ်းရေသွယ်ရေပေးနိုင်ရေး ရေဦးရေစုကန်အတွင်း ရေဝင်ရောက်မှုကို နိုဝင်ဘာ ၂၇ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးမိုင်းရင်နှင့် မြို့နယ်တာဝန်ခံ ဦးစောသီဟတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြိုင်မြို့၌ စာပေဟောပြော

မြိုင် ဇန်နဝါရီ ၅

မြိုင်မြို့ နံ့သာမြိုင်ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့က ပူးပေါင်း၍ စာဆိုတော်နေ့အခမ်းအနားနှင့် စာပေဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၇ရက်က ကျင်းပရာ အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို)မှ ပေးပို့သော စာဆိုတော်နေ့ သဝဏ်လွှာကို မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ မောင်ချစ်ခင် (မြိုင်)က ဖတ်ကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးနွဲ့က **အနာဂတ်ကို ဖန်တီးဖို့ စာအုပ်စာပေဖတ်ကြစို့** ဆောင်းပါးကို ဖတ်ကြားကာ စာဆိုတော်နေ့အထိမ်းအမှတ် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲ ဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်သည်။

စာပေရေးရာဟောပြော

ထို့နောက် စာပေဟောပြောပွဲကို ကျင်းပရာ စာရေးဆရာ မိုးအောင် (မန္တလေး)၊ ဆရာစိုးဘားဒိုင်တို့က စာပေရေးရာများ ဟောပြောခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

စဉ့်ကူး၌ သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)က ကြီးမှူး၍ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စဉ့်ကူ မြို့ကုန်းရပ်ကွက်၊ ပေပင်ရပ်ကွက်၊ တောင်လက်ရပ်ကွက်တို့မှ အသက် ၇၅နှစ်မှ ၉၉နှစ်အထိရှိ အဘိုး အဘွား ၁၆ဦးအား စုပေါင်း၍ ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက် နံနက်က စဉ့်ကူ မြို့ကုန်းရပ်ကွက် ဆောက်လုပ်ဆဲ ဆီမီး ၉၉၀၀ အရဏ်ခံတန်ဆောင်းကြီးရှေ့၌ ကျင်းပရာ အဖွဲ့နာယက ဦးစိုးဝင်း (သတင်းထောက် စဉ့်ကူစိုးဝင်း)က အခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက် ပြောကြားပြီး အငြိမ်းစား မြို့နယ်ပညာရေးမှူး ဦးမျိုးဆွေ၊ အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိုး(တရားရုံးချုပ်ရှေ့နေ)နှင့် အလှူရှင်များက အဘိုး အဘွား တစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀တန်ဖိုးရှိ ပစ္စည်းများဖြင့် ကန်တော့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၁၁၃)

သက်ကြီးစာပေပညာရှင်များ ကန်တော့ရန်အတွက် တရားဟော-ဓမ္မကထိက စာရေးဆရာ အရှင်ဇဝန မေတ္တာရှင်(ရွှေပြည်သာ)အား အမှူးထား၍ ညီဖြစ်သူ ဦးစိုးတင့်၊ မခိုင်ခိုင်အေး၊ သမီး-မခိုင်ယဉ်မွန်၊ မဖြူဖြူခိုင်၊ သား-မောင်စိုးနိုင်လင်း မိသားစုတို့က ငွေကျပ် ၁၀ သိန်းနှင့် ဆရာတော်ရေးသားထုတ်ဝေခဲ့သော စာအုပ်မျိုးစုံ ၁၃၅အုပ်ကို ဒီဇင်ဘာ ၂၂ရက်က မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးခန်း၌ ပေးအပ်လှူဒါန်းရာ ဗဟိုအလုပ်အမှုဆောင် ဆရာမောင်ခိုင်ခန့်နှင့် ရုံးအဖွဲ့ဝင်များ လက်ခံယူစဉ်။ (မြန်မာ့အလင်း)

ငါးသိုင်းချောင်း၌ စာအုပ်လှူဒါန်း

ငါးသိုင်းချောင်း ဇန်နဝါရီ ၅

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ သီတာကုန်းပြင်ကျေးရွာ၌ ပထမအကြိမ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၃ရက်ညက မြသီတာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ စာပေဟောပြောပွဲဖြစ်မြောက်ရေး ကော်မတီကိုယ်စား ဒေါက်တာနေဝင်းထွန်းနှင့် သိန်းဇော်(ရွှေလီဦး)တို့က စာပေဟောပြောပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး စာရေးဆရာများဖြစ်ကြသော ဆရာမောင်သာချို(ဂျက်-ကွမ်းခြံကုန်း)၊ ဆရာချစ်ဦးညို၊ ဆရာအကြည်တော်နှင့် စာဆိုတေးရှင် ဂီတာဖေဝင်းတို့က စာပေရေးရာများ ဟောပြောကြသည်။ ထို့နောက် သီတာကုန်းပြင် အလင်းရောင်စာကြည့်တိုက်အတွက် စာရေးဆရာ ကိုရွှေသိမ်းအေးနှင့် သိန်းဇော်(ရွှေလီဦး)တို့က သုတ ရသစာအုပ်များ လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးသန်းလွင်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (၂၀၄)

ဒေါ့ဖုန်းယန်မြို့ရှိ တံတားနှင့်လမ်းများကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်တာဝန်ခံ ဦးငွေလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်နိုင်စိုးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်း ထွေတလာ

ပင်းတယမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

ပင်းတယ ဇန်နဝါရီ ၅

ပင်းတယမြို့နယ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၂ရက် နံနက် ၉နာရီက မိုင်းလီကျေးရွာအုပ်စု ကွင်းအမှတ် (၁၈၀)၊ ဦးပိုင်အမှတ်(၅၀/၃) ဧရိယာ ၁ဒသမ ၂၀ဧကရှိ တောင်သူဦးမြင့်ဆွေ လယ်မြေ၌ ကျင်းပရာ အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦး၊ ဒုတိယပြည်နယ် မြေစာရင်းဦးစီးဌာနမှူး ဦးဆန်းဝင်း၊ တောင်ကြီးခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးစန်းဝင်း၊ မြို့နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးစိုးသန်းနှင့် ဝန်ထမ်းများ၊ တောင်သူဦးကြီးများ တက်ရောက် စုပေါင်းရိတ်သိမ်းကြသည်။ **(ဝဲပုံ)**

ထွက်ရှိ

စံကွက်ရိတ်သိမ်းခြင်းကို ရွှေရင်အေးစပါးစိုက်ခင်း၌ ကျင်းပခဲ့ပြီး တစ်ဧကလျှင် ၁၀၈ဒသမ ၄၆တင်းနှုန်း ထွက်ရှိကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု မော်လမြိုင်မြို့၌ ကတ္တရာလမ်းသစ်ဖွင့်

မော်လမြိုင် ဇန်နဝါရီ ၅

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက် မြိုင်သာယာ(၁)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ရက် နံနက် ၈နာရီက ကတ္တရာလမ်းသစ် မုခ်ဦးရှေ့၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်က လမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မွန်ပြည်နယ် ပညာရေးမှူး(ငြိမ်း)ဦးအောင်မြို့က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် လမ်းဖွင့်ပွဲကို မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဇော်လင်းထွန်း၊ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် ရပ်မိရပ်ဖတစ်ဦးဖြစ်သော ဦးကျော်မင်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်ပြီး အထိမ်းအမှတ်အလံကို မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်က စည်ပင်သာယာရေးဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးလှသိန်းအောင်အား လည်းကောင်း၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဇော်လင်းထွန်းအား လည်းကောင်း **(အောက်ပုံ)**၊ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေအားလည်းကောင်း၊ မော်လမြိုင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ချိုနှင့် ရပ်မိရပ်ဖ ဦးခင်အောင်အား လည်းကောင်း ပေးအပ်ခဲ့သည်။ (၀၁၄)

အမျိုးသမီးအိမ်တွင်းမှုသက်မွေး သင်တန်းများဖွင့်

ကျိုင်းတုံ ဇန်နဝါရီ ၅

ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတွင် ဒီဇင်ဘာ ၂၀ရက် နံနက်က အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၂၈/၂၀၁၀)၊ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၅၆/၂၀၁၀) သိုးမွေးစက်ဆွဲ သင်တန်း အမှတ်စဉ် (၁၁/၂၀၁၀) သင်တန်းများဖွင့်ပွဲ ကျင်းပသည်။ **(အပေါ်ပုံ)**

သင်တန်းတွင် တာဝန်ရှိသူများက အမှာစကား ပြောကြားပြီး သင်တန်းကျောင်းအုပ်ကြီး ဒေါ်နန်းယုန်းက သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ကျောင်းကုန်းမြို့၌ နေကြာ စုပေါင်းစိုက်ပျိုး

ကျောင်းကုန်း ဇန်နဝါရီ ၄

ကျောင်းကုန်းမြို့နယ် ကွင်းကြီးကျေးရွာတွင် နေကြာစုပေါင်း စိုက်ပျိုးပွဲကို ဒီဇင်ဘာ ၁၇ရက် နံနက် ၉နာရီက ကျင်းပသည်။ **(အောက်ပုံ)**

တက်ရောက်

အဆိုပါ စိုက်ပျိုးပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်၊ အတွင်းရေးမှူး ဦးအောင်ဝင်းနှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြပြီး တောင်သူဦးဝင်းတိုး၏ ပဲစိုက်လယ်မြေ နှစ်ဧကတွင် နေကြာသီးညှပ်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်း ထွေတလာ

နေပြည်တော် ဇန်နဝါရီ ၆

အခြေခံပညာ အထက်တန်းကျောင်းခွဲ တိုးမြှင့်ဖွင့်လှစ်

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ရွှေမြို့အုပ်စု၏ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းမှ အခြေခံပညာ အထက်တန်းကျောင်းခွဲအဖြစ်သို့ ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၁၈ရက်နံနက် ၉နာရီကအဆိုပါကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးလူ၊ မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်၊ ကျောင်းအုပ်ဆရာကြီး ဦးဝင်းအောင်ကြည်တို့က အမှာစကားပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ ကျောင်းအတွက် မတည်ငွေကျပ်သိန်း ၂၀၀ကို ဦးသာဌေး-ဒေါ်ကြည်ကြည်ခင် (Original Group Company) က လှူဒါန်းပြီး နှစ်ခန်းတွဲ တစ်ထပ်ကျောင်းဆောင် အလှူရှင် ဦးတင်မြိုင်-ဒေါ်လှလှ၊ နှစ်ခန်းတွဲ တစ်ထပ်ကျောင်းဆောင် အလှူရှင် ဦးမျိုးလွင်-ဒေါ်စန်းစန်းခိုင်၊ ကျောင်းဝင်းအဝင် ဂိတ်တံခါးမကြီး အလှူရှင် ဦးအောင်ရင်-ဒေါ်သန်းရီတို့အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)** (၀၉၁)

ဟသ်ာတမြို့နယ် ဂီတအစည်းအရုံးဖွဲ့စည်း

ဟသ်ာတ ဇန်နဝါရီ ၅

မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)မှ ဟသ်ာတမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၅ရက် နံနက် ၁၁နာရီက ဟသ်ာတမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဦးမျိုးတင့်(ရုံးအဖွဲ့မှူး)က ဆောင်ရွက်ပြီး သဘာပတိ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ပြန်ကြားရေးမှူး ပျဉ်းမနား မြင့်လှိုင်က မြန်မာနိုင်ငံ ဂီတအစည်းအရုံး၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားက ဥက္ကဋ္ဌ ဦးကိုကိုကြီး၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်လွင်ဆန်း၊ အတွင်းရေးမှူး ဦးသန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးမြသန်း၊ ဘဏ္ဍာရေးမှူး ဦးစည်သူလပြည့်၊ ပြန်ကြားရေးမှူး ဦးအောင်ဇင်(မောင်ဂျွန်)၊ စည်းရုံးရေးမှူး ဦးအောင်ကျော်(တောင်ကြီး)၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးလှမြင့်နှင့်ဒေါ်အေးအေးမွန်တို့ ပါဝင်သော မြို့နယ်ဂီတအစည်းအရုံး ကော်မတီခန့်အပ်လွှာကို မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အလုပ်အမှုဆောင် ဦးမျိုးမြင့်လေးက ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။ *(၁၇၇)*

လှူဒါန်း

ဖခင်ကြီး ဦးဟိန်အားရည်စူး၍ (၇၄) သီတာလမ်းနေ မိခင်ကြီးဒေါ်ရွှေမှင်နှင့်မိသားစုက မရမ်းကုန်းမြို့နယ် တေဇစက္ကီကျောင်းတိုက်တွင်း တည်ဆောက်နေသော တေဇာမုနိဓာတုစေတီတော်၏ စိန်ဖူးတော်အတွက် ရတနာပစ္စည်းများနှင့် အလှူတော်ငွေစုစုပေါင်းတန်ဖိုး ကျပ်နှစ်သိန်းခန့် လှူဒါန်းရာ စေတီတော်တည်ဆောက်ရေး ဥက္ကဋ္ဌ ဦးခင်စိုး လက်ခံယူစဉ်။(မြန်မာ့အလင်း)

မိုးညှင်း၌ ရေပိုက်လိုင်းသွယ်တန်း

မိုးညှင်း ဇန်နဝါရီ ၅

မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဟဲလုံကျေးရွာ ရေပေးရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ရေပိုက်လိုင်းများ သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၅ရက်က လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကြို့ပင်ကောက်မြို့နယ် ရန်ကုန် ပြည်လမ်းပေါ်ရှိ အဏ္ဏဝါလွှမ်းကုမ္ပဏီလီမိတက် ရတနာစက်သုံးဆီအရောင်းဆိုင်၌ ဒီဇင်ဘာ ၂၁ရက်က တာဝန်ခံမန်နေဂျာ ဦးခင်မောင်လွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးချစ်ကိုဝင်းနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်စဉ်။ (၁၈၀)

အခြေခံမီးသတ်သင်တန်း ဘိုကလေး၌ဖွင့်

ဘိုကလေး ဇန်နဝါရီ ၅

စာသင်ကျောင်းအခြေပြု အကြိုအခြေခံမီးသတ်သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ရက် နံနက် ၈နာရီက ဘိုကလေးမြို့ အထက(၁) ကျောင်းခန်းမ၌ ကျင်းပရာ ဖွင့်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးထင်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးဉာဏ်သိန်း၊ ကျောင်းအုပ်ကြီး ဦးအုန်းကြိုင်နှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းသိန်းနှင့်တပ်ဖွဲ့ဝင်များ၊ နည်းပြများ တက်ရောက်ကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးထင်ကျော်**(ဝဲပုံ)**က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ ကျောင်းအခြေပြု အကြိုမီးသတ်သင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။ (၁၄၂)

တစ်နှစ်ပြည့် မွေးနေ့ဆုတောင်း

ဖေဖေ ဗိုလ်ကြီးဟန်ဆွေ-မေမေဒေါ်စုမြတ်မွန်တို့၏ သားလေး မောင်မင်းခန့်ဆွေ၏၇-၁-၂၀၁၁ရက် တစ်နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ် ၁၂၀တိုင် မိသားစုနှင့်အတူ လိုရာဆန္ဒ ပြည့်ဝပြီး ကျန်းမာပျော်ရွှင်ချမ်းမြေ့ပါစေ....

ဘိုးဘိုး-ဦးတင်မောင်ဆွေ-
ဘွားဘွား-ဒေါ်ခင်သန်းနွဲ့
ဘဘနိုင်-အန့်တီသဲ
ဘဘသက်-အန့်တီနီလာ
ဘဘကြည်-အန့်တီဆွေ
လေးလေး၊ မမဥ၊ မမပြည့်
ကိုကိုခန့်၊ ကိုကိုဝေယံ
ကိုကိုသန့်၊ မမပေါက်
မမအိမ့်မှူး။
ဘိုးဘိုး-ဦးရန်သိမ်း-
ဘွားဘွား-ဒေါ်ယဉ်ယဉ်ရွှေ
ဘကြီးစည်သူ-မေထား
ဘဘဇာနည်-မေသွယ်
လေးလေးကိုဇေ-မေအိ
ကိုကိုထူး၊ ကိုကိုပိုင်
ကိုကိုသန့်၊ မမချန်ဂင်
မမကြည်။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၂၃၅၉၂၇ Yamaha 125 R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ထွန်း ၅/မရန(နိုင်)၀၇၁၂၄၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(ခရိုင်ရုံး)၊မန္တလေးတောင်ပိုင်း၊ မန္တလေးမြို့။



ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးတင်မောင်သန်း(ငြိမ်း)
B.D.S
အသက်(၄၈)နှစ်

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ရန်ကုန်တွင် အတူ ပညာဆည်းပူးခဲ့သူ ဗိုလ်မှူးတင်မောင်သန်း(ငြိမ်း)သည် ၃၁-၁၂-၂၀၁၀ရက် (သောကြာနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

18 th Batch B.D.S မှ သူငယ်ချင်းများ။

မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းကြီး၏ (၁၁၅)နှစ်မြောက်

နှိုးဆော်လွှာ

အသင်းဖွဲ့စည်းခွင့်အမှတ်(၁၂၅၃)

စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုးကြီးသုံးရပ်နှင့် မန္တလေး(၅)မြို့နယ်ရှိ ရဟန်း၊ သာမဏေ၊ သူတော်၊ သီလရှင် အလှူခံပုဂ္ဂိုလ်ပေါင်း(ငါးသောင်း)ကျော်တို့အား မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းကြီးမှ ၁၃၇၃ ခုနှစ် (၁၁၅)နှစ်မြောက် မဟာသံဃိက တဏ္ဍုလဒါန ဆွမ်းဆန်တော်များ ကြိုတင်လှူဒါန်းနိုင်ရန်အတွက် အလှူရှင်များမှ ပေးပို့လျက်ရှိရာ ရောက်ရှိလာသော ဆွမ်းဆန်တော်များကိုလည်း ကြိုတင်လှူဒါန်းလျက်ရှိပါသည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ ရက်မှစ၍ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မလွန်ဆန်လှူသင်းထောက်အဖွဲ့များအသီးသီးသို့ အလှူခံခရီးစဉ် စတင်ထွက်ခွာပါမည်။

ဥက္ကဋ္ဌကြီးနှင့်အမှုဆောင်အဖွဲ့
မလွန်ဈေးဆန်လှူအသင်းကြီး၊ မန္တလေးမြို့။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စန်းမူ(ခ)မမူ
ကညွှဲရပ်၊ ထားဝယ်မြို့
အသက်(၆၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး တိုင်းကြက်တောင်လက်ရွေးစင် မယမင်းဖြူဖြူလတ်၏ မိခင် ဒေါ်စန်းမူ အသက်(၆၈)နှစ်သည် ၃-၁-၂၀၁၁ ရက် ည ၇း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီး ကြက်တောင်ဆပ်ကော်မတီ
သဟာယကြက်တောင်ရိုက်အသင်း၊ မြိတ်မြို့။

ဝမ်းနည်းကြေကွဲခြင်း

မြိတ်မြို့၊ ကန်ဖျားလမ်းနေ ဦးဝင်းကြူ-ဒေါ်မြဝင်းတို့၏သားထွေး ကိုညီညီဝင်း(ခ)ကိုဘမင်းသည် ၃၀-၁၂-၂၀၁၀ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်ရင်ပု
ဦးတင်ရှိန်၊ ဒေါ်အေးမွန်ရှိန်
ဦးအောင်လှိုင်၊ မခိုင်မိသားစု ရန်ကုန်။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၂၈၆၁၃၃ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးမင်းလတ် ၁၂/အစန(နိုင်)၁၈၆၇၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန (ခရိုင်ရုံး)၊ မန္တလေးမြောက်ပိုင်း၊ မန္တလေးမြို့။**

သက်ဆိုင်သူများ သိစေအပ်ပါသည်

ပဲခူးမြို့ ဥသာကျော်ရေသန့်လုပ်ငန်းပိုင်ရှင် ဦးနောင်နောင်ကျော် ၇/ပခန(နိုင်)၂၁၉၁၃၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သက်ဆိုင်သူများ သိစေအပ်ပါသည်။

ပဲခူးမြို့၊ ရန်ကုန်-မန္တလေးလမ်း၊ ဥသာမြို့သစ်၊ အမှတ် ၁၁၅၈(A-66)၊ ဘဏ္ဍာကုန်းကျေးရွာရှိ ဥသာကျော်ရေသန့်စက်ရုံမှ O.T.K အမှတ်တံဆိပ်ပါ ရေသန့်ဘူးများကို ပဲခူးမြို့နယ်ရပ်ကွက် နှင့် ကျေးရွာများအတွင်း အောင်မြင်စွာ ဖြန့်ဝေရောင်းချလျက်ရှိပါသည်။ သို့ရာတွင် အချို့နေရာများ၌ ရေသန့်ဘူးအသစ်များကို ခိုးယူခြင်း၊ ရေဘူးပေါ်ရှိ O.T.K အသားတံဆိပ်အား ဖျက်ဆီးခြင်းများ ပြုလုပ်လျက်ရှိကြောင်းသိရပါသည်။ ဤရေသန့်ဖြန့်ချိရေးလုပ်ငန်းသည် လုပ်ငန်းလိုင်စင်အမှတ် ၀၁၄၉၅၊ ထုတ်လုပ်ခွင့်အမှတ် (စ ၁/၁၀၄၃၄/ထလ) ဖြင့် သက်ဆိုင်ရာမှ စစ်ဆေးပြီး မှတ်ပုံတင်တံဆိပ်ဖြင့် တရားဝင်ဖြန့်ချိလျက်ရှိသောကြောင့် နည်းအမျိုးမျိုးဖြင့် နှောင့်ယှက်ဖျက်ဆီးလာပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း သက်ဆိုင်သူများအား သိစေအပ်ပါသည်။

ပိုင်ရှင်ဦးနောင်နောင်ကျော်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သက်သက်မာ	**ဒေါ်ဇင်မာထိန်ဝင်း**	**ဦးသိန်းသန်း**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**	**တရားရုံးချုပ်ရှေ့နေ**
(စဉ်-၂၃၄၇၃)	**(စဉ်-၂၆၄၃၂)**	**(၄၀၆၁)**
အမှတ် ၁၅၇၉၊ ဗိုလ်ကြီးကုန်းလမ်း နန်းတော်ရာရပ်၊ ပဲခူးမြို့။		**အမှတ် ၁၂၃၊ ၁၄ လမ်း ညောင်ဝိုင်းရပ်၊ပဲခူးမြို့။**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မတင်တင်လွင် [အဖ] (ဦးသောင်းဖေ) ၆/မအရ(နိုင်) ၀၂၅၄၇၀သည် မိခင်ဖြစ်သူ ကျွန်မအား ကျွေးမွေးပြုစုမှုမရှိသည့်ပြင် ရိုင်းစိုင်းသောအပြုအမူ၊ အပြောအဆိုများကို ကြိမ်ဖန်များစွာပြုလုပ်သဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၄င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူမည် မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
မိခင်-ဒေါ်ရှုဟို
၆/မအရ(နိုင်)၀၂၅၄၇၂
အမှတ် ၆၅၊ မြို့ပတ်လမ်း၊
အောင်သုခရပ်ကွက်၊
မြိတ်တောင်ကျေးရွာအုပ်စု၊မြိတ်မြို့။

ဝမ်းနည်းကြေကွဲခြင်း

ဦးရွှေရီ အသက်(၄၃)နှစ်သည် ၂-၁-၂၀၁၁ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းရပါကြောင်း။

ဒေါ်ငွေငွေ
ရွှေကျီးမုန့်တိုက်၊ မန္တလေး။

သင့်သွေးဖြင့် အသက်ကယ်ပါ

ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၆၂၂၇ Kenbo Dream ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမောင် ၇/ကတခ(နိုင်)၀၈၀၀၁၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန (တိုင်းဦးစီးမှူးရုံး)၊ ပဲခူး။**

ပညာရေးဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

Star Resources က ကြီးမှူးသော ပညာရေးဆွေးနွေးပွဲကို ဇန်နဝါရီ ၁၅ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders Hotel ၌ လည်းကောင်း၊ ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် မန္တလေးမြို့ Sedona Hotel ၌လည်းကောင်း ကျင်းပသွားမည်ဖြစ်ရာ London Hotel School College ကျောင်းအုပ်ကြီး Mr. Roderick Hardingham က ဆွေးနွေးဟောပြောမည်ဖြစ်သည်။

ရရှိနိုင်

Star Resources အနေဖြင့် London Hotel School College ကို ရွေးချယ်၍ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းမှာ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတွင် နိုင်ငံတကာခရီးသွားများ၊ စီးပွားရေးသမားများနှင့် ရင်းနှီးမြှုပ်နှံသူများအား အထူးဆွဲဆောင်မှုရှိသော လန်ဒန်မြို့ပေါ်ရှိ 5 Star Hotels ကြီးများတွင် လုပ်ငန်းအတွေ့အကြုံ ရရှိနိုင်ခြင်း၊ အင်္ဂလန်နိုင်ငံ၏ National Health Service (N.H.S)မှ အခမဲ့ ဆေးကုသခွင့် ရရှိနိုင်ခြင်းတို့ကြောင့်ဖြစ်သည်။

ဆောင်ရွက်နိုင်

မိမိတို့တက်ရောက်လိုသည့် အပတ်စဉ် Intake မတိုင်မီနှစ်လခန့်ကြိုတင် အချိန်ယူရုံဖြင့် ကျောင်းလျှောက်ထားခြင်း၊ Tier 4 Student Visa ရရှိရန် သေချာသော Highly Trusted Sponsor Rating ရရှိထားသဖြင့် Visa လျှောက်ထားခြင်းကိစ္စများ၊ ကျောင်းလခများ၊ ငွေလွှဲခြင်းကိစ္စများကို ကြန့်ကြာမှုမရှိဘဲ အပြီးအစီး ဆောင်ရွက်နိုင်သည်။

တက်ရောက်နိုင်

တက်ရောက်လိုပါက ရန်ကုန်မြို့ရှိ Star Resources Hospitality Management Academy ဖုန်း-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆နှင့် ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်ကြိုတင် စာရင်းပေးသွင်း နိုင်ပြီး ပညာရေးဆွေးနွေးပွဲသို့ အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ပိုင်ဈေးအတွင်း သန့်ရှင်းရေးဆောင်ရွက်မှုကို နိုဝင်ဘာ ၂၅ရက်က အမှုဆောင်အရာရှိ ဦးမြင့် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အောင်လံမြို့တွင် ကျောက်ရိုးစီ မြေထိန်းနံရံ ပြုလုပ်နေခြင်းလုပ်ငန်းခွင်သို့ မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ဒီဇင်ဘာ ၃ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမိုးဟိန်းနှင့် အင်ဂျင်နီယာမှူး ဦးမျိုးဝင်းတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရေပေးဝေမှု ကွင်းဆင်းစစ်ဆေး

မိုးကောင်း ဇန်နဝါရီ ၅

မိုးကောင်းမြို့မဈေးအတွင်း ရေစက်ရုံပုံမှန် လည်ပတ်ပြီး ရေပေးဝေမှု အခြေအနေကို ဒီဇင်ဘာ ၁၈ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ် လိုက်လံကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့ ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆုများချီးမြှင့်

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲ၊ ရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို လှည်းကူးမြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ ကျင်းပရာ ဆုရသူများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒေါ်အေမီဇော်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက် ကျောက်ချောလမ်းခင်း

မကွေး ဇန်နဝါရီ ၅

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ချမ်းမြေ့သာယာကျေးလက် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးစိန်သန်းငွေတို့ ဒီဇင်ဘာ ၂၇ ရက်က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

အိန္ဒိယက ဆက်သွယ်ရေးဂြိုဟ်တုလွှတ်တင်မည်

နယူးဒေလီ ဇန်နဝါရီ ၆

အိန္ဒိယနိုင်ငံက ယခုနှစ်အတွင်း အာကာသသို့ ဆက်သွယ်ရေး ဂြိုဟ်တုနှစ်လုံး လွှတ်တင်သွားရန် စီစဉ်ထားကြောင်း အိန္ဒိယအာကာသ သုတေသနရေးရာအေဂျင်စီက ဇန်နဝါရီ ၆ ရက်က သတင်းထုတ်ပြန် သည်။

ဖော်ပြထား

ထိုသို့လွှတ်တင်မည့် ဂြိုဟ်တုနှစ်လုံးမှာ ဂျီဆက်-၈နှင့် ဂျီဆက်-၁၀ တို့ဖြစ်ပြီး ဆက်သွယ်ရေးနှင့် သတင်းပြန်ကြားရေးလုပ်ငန်းများကို ပိုမိုလျင်မြန်စွာ ဝန်ဆောင်မှုပေးရန်အတွက်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြထားသည်။

ထို့အတူ ဂျီဆက်-၁၂ ဆက်သွယ်ရေးဂြိုဟ်တုကိုလည်း ယခုနှစ်လယ်ပိုင်း၌ လွှတ်တင်ရန်စီစဉ်ထားကြောင်း၊ လွှတ်တင်မည့်နေရာမှာ ဘင်္ဂလားပင်လယ်အော်အတွင်းရှိ ဆရီဟာရီကိုတာဆိပ်ကမ်းမြို့၌ ဖြစ်ကြောင်း ဖော်ပြထားသည်။ **(ယာပုံ) (အင်တာနက်)**

တူနာငါးတစ်ကောင် ဒေါ်လာလေးသိန်းဖြင့် ဝချိန်တင်ရောင်းချ

တိုကျို ဇန်နဝါရီ ၆

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ထူးခြားသော တူနာငါးတစ်ကောင်ကို ဇန်နဝါရီ ၆ ရက်က လေလံတင်ရောင်းချခဲ့ရာ အမေရိကန်ဒေါ်လာ လေးသိန်း ရရှိခဲ့ပြီး ၎င်းမှာ ကမ္ဘာ့စံချိန်တင် ငါးရောင်းချမှု ငွေကြေး ပမာဏပင်ဖြစ်ကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။

ဖမ်းမိခဲ့

၎င်းတူနာငါးသည် အပြာရောင်ဆူးတောင်နှင့် ရေယက်များ ထူးခြားစွာပါရှိပြီး အလေးချိန် ၃၄၂ကီလိုဂရမ်ရှိသည်။ ဂျပန်နိုင်ငံမြောက်ပိုင်း ဟိုကိုင်းဒိုးကျွန်းကမ်းလွန်ရေပြင်မှ ဖမ်းမိခဲ့ခြင်းဖြစ်သည်။ (ဝဲပုံ)

စာမျက်နှာ ၈ ကော်လံ ၅ ●

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ထူးခြားသည့် ညအပူချိန်များ

၆-၁-၂၀၁၁

ပူတာအိုမြို့	၄ ဒီဂရီစင်တီဂရိတ်
ကသာမြို့	၅ ဒီဂရီစင်တီဂရိတ်

7-1 (20).pmd 1 1/7/2011, 1:52 AM